မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချီ မြဝတီ

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၉၂)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ စနေနေ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အမျိုးသားညီညွတ်ရေး

အမျိုးသားညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကိုမဆိုလို။ လူမျိုး၊ ဘာသာ၊ ယောကျ်ား၊ မိန်းမ၊ ကိုဏ်းဂဏမရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတစ်ခုလုံး အပြောသာမဟုတ်၊ အလုပ်နှင့်တကွ အမျိုးသားတို့၏အလိုဆန္ဒများကို ပြည့်ဝနိုင်ရန် အမျိုးသားတို့၏လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါညီညွတ်ကြသည်ကို ဆိုလိုသည်။

(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ ဖဆပလအဖွဲ့ချုပ် နိုင်ငံလုံးဆိုင်ရာညီလာခံတွင် ပို့ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှကောက်နုတ်ချက်)



(၇၈) နှစ်မြောက် အာဇာနည်နေ့ကို အလေးပြုပါ၏။

အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၉ ရက်)

အာဇာနည်များအား လေးစားကြည်ညိုသည်ဆိုပါလျှင်

မြန်မာ့သမိုင်းတွင် ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်ဆိုးကြီးနှင့်ရင်ဆိုင်ခဲ့ရသည့်နေ့ရက်တစ်ခုမှာ အာဇာနည်နေ့ဖြစ်သည်။ နိုင်ငံအတွက်တန်ဖိုးရှိသောခေါင်းဆောင်များ ကျဆုံးသွားခြင်းမှာ ပြည်သူလူထုအတွက် ဝမ်းနည်းဖွယ်ဖြစ်ရသကဲ့သို့ နိုင်ငံ့အတွက် ဆုံးရှုံးမှုကြီးတစ်ခုလည်းဖြစ်ခဲ့သည်။ သေသူကို ရှင်သူတို့တရပေလိမ့်မည်ဆိုသည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ကြီးများအား နှစ်စဉ်ဇူလိုင်လ ၁၉ ရက်နေ့ရောက်ရှိလေတိုင်း ပို၍ပို၍တမ်းတလွမ်းရသည်။ သူတို့၏စွမ်းဆောင်ခဲ့သောဆောင်ရွက်ချက်များကို ပြန်လည်သတိရမိသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ရဲဘော်သုံးကျိပ်တို့နှင့်အတူ ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကိုဖွဲ့စည်းကာ ဂျပန်တပ်များအကူအညီဖြင့် မြန်မာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တို့လက်မှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ဂျပန်တို့ကမြန်မာများကို ညှဉ်းပန်းနှိပ်စက်သည်ကိုတွေ့လာရသည့်အခါ ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ဦးဆောင်ဆင်နွှဲခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးပြီးနောက် နယ်ချဲ့အင်္ဂလိပ်တို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်မှထွက်ကာ နိုင်ငံ့လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ တစ်နှစ်အတွင်း လွတ်လပ်ရေးရရှိရန်ကြိုးပမ်းရာတွင် အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုနိုင်ခြင်း၊ ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခြင်း စသည်ဖြင့် မနားမနေလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံလွတ်လပ်ရေးကိုသာအာရုံထားဆောင်ရွက်နေသူဖြစ်သည်။ သူသည် ဖဆပလအဖွဲ့ချုပ်ကြီး၏ဥက္ကဋ္ဌ၊ တိုင်းပြုပြည်ပြုလွှတ်တော်အမတ်၊ ဘုရင်ခံ၏အမှုဆောင်အဖွဲ့ ဒုတိယသဘာပတိ၊ အတိုင်ပင်ခံအစိုးရအဖွဲ့ခေါင်းဆောင်ရာထူးများကို ရယူထားသော်လည်း အဓိကမှာ မြန်မာနိုင်ငံလွတ်လပ်ရေးသာဖြစ်သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်။ ထိုနေ့တွင် မိုးသည်ရွာချည်စဲချည်ရှိနေသည်။ မိုးလုံးပတ်လည်အုံ့ဆိုင်းမှိုင်းနေသော နံနက်ခင်းသည်ကား မြန်မာရာဇဝင်တွင်သာမက ကမ္ဘာ့ရာဇဝင်မှာပင် မှတ်တမ်းတင်ထားရမည့် ကြောက်မက်ဖွယ်ရာအဖြစ်ဆိုးကြီးတစ်ခုကို စောင့်မျှော်နေဘိသကဲ့သို့ရှိနေသည်။ အတွင်း၀န်များရုံး၌ ဘုရင်ခံ၏အမှုဆောင်အစည်းအဝေးရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုဘုရင်ခံ၏ အမှုဆောင်အဖွဲ့တွင် ဒုတိယသဘာပတိဖြစ်သည်။ ထိုအစည်းအဝေးသို့ ဘုရင်ခံတက်ရောက်ရန်ဖြစ်သော်လည်း အောင်ဆန်း-အက်တလီစာချုပ်လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်း၌ သဘာပတိဖြစ်သူ ဘုရင်ခံသည် အစည်းအဝေးများသို့တက်ရောက်ခြင်းမရှိတော့ချေ။ မြန်မာနိုင်ငံသည် မုချလွတ်လပ်ရေးရတော့မည်ဖြစ်၍ မြန်မာ့တိုင်းရေးပြည်ရာတွင် ဗြိတိသျှအာဏာပိုင်များက ဝင်ရောက်ခြယ်လှယ်ခြင်းမပြုတော့သည့် သဘောကိုပြသခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အစည်းအဝေးခန်းမဆောင်သည် အတွင်း၀န်များရုံး၏အနောက်ဘက်ဆောင်တွင်ရှိသည်။ အစည်းအဝေးစားပွဲသည် ခန်းမဆောင်၏တောင်ဘက်ကျကျတွင်ရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းသည်စားပွဲထိပ်၌နေရာယူပြီး ဘယ်ဘက်တွင် ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းတို့ ထိုင်နေကြသည်။ ညာဘက်တွင် သခင်မြ၊ ဦးရာဇတ်၊ ဦးဘဝင်း၊ ဒီးဒုတ်ဦးဘချို့တို့ထိုင်ကြသည်။ အမှုဆောင်အဖွဲ့၏အတွင်း၀န် ဦးချွေဘော်၊ သယ်ယူပို့ဆောင်ရေးဌာန ဒုတိယအတွင်း၀န် ဦးအုန်းမောင်တို့လည်း အစည်းအဝေး၌ ကူညီရန်အသင့်ရှိနေကြသည်။

ဤသို့ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အတွင်း၀န်ရုံး၌ ဗိုလ်ချုပ်တို့အစည်းအဝေးပြုလုပ်နေစဉ် ဂဠုန်ဦးစော၏ နောက်လိုက်များက ဝင်ရောက်ပစ်ခတ်လုပ်ကြံသဖြင့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျဆုံးခဲ့ကြရသည်။ လုပ်ကြံခြင်းခံခဲ့ရသည့် အာဇာနည်ကြီးများမှာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ် ဦးဘချို့၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးဘဝင်း၊ ဦးရာဇတ်၊ ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့ဖြစ်သည်။ ယနေ့ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည် ကိုးဦးကျဆုံးခဲ့သည်မှာ နှစ်ပေါင်း(၇၈) နှစ်တိုင်ခဲ့ပြီဖြစ်သည်။ အာဇာနည်ဆိုသည်မှာ ကိုယ်ကျိုးကိုမကြည့်သူ၊ အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိမြင်သူ၊ သာမန်ထက်လက်ရုံးရည် နှလုံးရည်ထူးကဲသာလွန်ပြီး အများအကျိုးအတွက် အသက်စွန့်ရန်ဝန်မလေးသူဖြစ်သည်။ တိုင်းပြည်ကောင်းမွန်ရေး၊ ပြည်သူတို့ဘဝမြင့်မားရေးကို တွေးဆလုပ်ဆောင်သူသည်အာဇာနည်စိတ်ဓာတ်ရှိသူဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရန် ကြိုးပမ်းနေသည့် လမ်းခုလတ်တွင် အသက်ဆုံးရှုံးသွားသော အာဇာနည်များကို သတိရအောက်မေ့ခြင်းများနှင့်အတူ ၎င်းတို့ကြိုးပမ်းပေးခဲ့သောလွတ်လပ်ရေးကြီး တည်တံ့ခိုင်မြဲရေးကိုလည်း ကြိုးပမ်းကြရမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်နှင့် လူမျိုးကြီးပွားတိုးတက်ရေးကို အစဉ်တစိုက်လိုလားဆောင်ရွက်ခဲ့သူဖြစ်သည်။ တပ်မတော်ကိုဦးဆောင်ဖွဲ့စည်းခဲ့သူဖြစ်သည့် အတွက် တပ်မတော်အင်အားတောင့်တင်းခိုင်မာရေးကိုလည်း သူ၏မိန့်ခွန်းများတွင် ထည့်သွင်းပြောကြားခဲ့သည်။ ကာကွယ်ရေးအင်အားတောင့်တင်းနေမှ မိမိတို့နိုင်ငံသည် လူရိုသေရှင်ရိုသေဖြစ်ပေမည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ လေးစားကြည်ညိုသည်ဆိုပါလျှင် နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များတွင် နိုင်ငံသားကောင်းဝီသစွာ ပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

(၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဥဏ္ဍစွမ်းရည်ပြိုင်ပွဲ ဆုပေးအပ်ပွဲကျင်းပ

ကန်ကြီးထောင့် ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် World Vision တို့ပူးပေါင်း၍ ဇူလိုင်လ ၁၉ ရက်တွင်ကျရောက်မည့် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဥဏ္ဍစွမ်းရည်ပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင်လ ၁၇ ရက်တွင် ကျင်းပရာ ဥဏ္ဍစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်လ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၂)ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးနိုင်က ကျောင်းသား၊ ကျောင်းသူများအား ဗလငါးတန်နှင့်ပြည့်စုံစေရန်အတွက် ပိုမိုကြိုးစားကြရန်၊ စာပေများပိုမိုဖတ်ရှုလေ့လာကြရန် ပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာဦးက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ် ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥဏ္ဍစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ကြောင်းသိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေး

ပဲခူး ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးခြင်းကို ဇူလိုင်လ ၁၇ ရက် နံနက်ပိုင်းတွင် ကဝမြို့နယ် ငါးထပ်ကြီးဘုရားရင်ပြင်ပေါ်၌ ဆောင်ရွက်ကြောင်း ကဝမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာထံမှ သိရသည်။

ပထမဦးစွာ ကဝမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးမင်းနိုင်က ချေးငွေထုတ်တောင်သူများ သိရှိလိုက်နာရမည့်ဘဏ်ချေးငွေဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို အကျေအလည်ပေးဆပ်ပြီးဖြစ်သည့် အလယ်ရွာနှင့် ငွေတောင်ကျေးရွာတို့မှ တောင်သူ ၂၃၆ ဦးအား လယ်မြေတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် လယ်မြေ ၁၈၆၈ ဧကအတွက် စုစုပေါင်း ငွေကျပ် ၂၈၀၂၀၀၀၀ ကို ထုတ်ချေးပြီးဖြစ်ကြောင်းနှင့် ချေးငွေအကျေအလည်ဆပ်ပြီးတောင်သူများကို ချေးငွေများ ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)

MWD Education, Knowledge & Sports Channel

၁၉-၇-၂၀၂၅(စနေနေ့)

၁။	၀၈:၀၀ - ၁၀:၀၇	Grade - 10	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချိုင်္ဂာ
၂။	၁၂:၀၀ - ၁၄:၀၆	Grade - 10	သချိုင်္ဂာ၊ ဓာတုဗေဒ၊ ရူပဗေဒ
၃။	၁၆:၀၀ - ၁၇:၃၅	Grade - 10	ရူပဗေဒ၊ ဇီဝဗေဒ
၄။	၁၇:၃၅ - ၁၉:၃၀	Grade - 10	ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ

သဇင်(FM)အသံလွှင့်အစီအစဉ်

၁၉-၇-၂၀၂၅(စနေနေ့)

၁။	၀၈:၀၀	ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့	၄။ ၁၄:၅၀ Business Tips
၂။	၀၈:၂၀	Morning Songs	၅။ ၁၆:၀၀ Holiday Vibes
၃။	၁၁:၅၀	စိုက်မွေးသုတ	၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

မြဝတီ ခနဲ့စဉ် Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာ၀နံခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာ၀နံခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(ဂ) သီးသန့်စီးပွားရေးဇုန်အတွင်း-

(၁) နိုင်ငံတကာသဘောတူစာချုပ်များအရ ပေးအပ်ထားသော လွတ်လပ်စွာဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ အဏ္ဏဝါသဘာဝသယံဇာတဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့်ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၂) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးသို့မဟုတ် ပင်လယ်ဆိပ်ကမ်းအပေါ် ကျူးလွန်သောအကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု သို့မဟုတ် နှောင့်ယှက်မှုကို တားဆီးနှိမ်နင်းခြင်း၊

(၃) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်းဆောင်ရွက်ရာနေရာ သို့မဟုတ် ပင်လယ်ဆိပ်ကမ်းတွင် လုံခြုံရေးချိုးဖောက်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူတစ်ဦးဦးက ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ သို့မဟုတ် ပင်လယ်ပြာစီးပွားရေးလုပ်ငန်းဆောင်ရွက်ရာနေရာအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ကြောင်း မသင်္ကာဖွယ်တွေ့ရှိပါက သို့မဟုတ် သတင်းရရှိပါက ဝင်ရောက်ရှာဖွေစစ်ဆေးခြင်း၊

(၄) ပင်လယ်ရေကြောင်းလုံခြုံရေးခြိမ်းခြောက်မှုကို တပ်မတော်(ရေ)နှင့်ပူးပေါင်း၍ ကာကွယ်တားဆီးခြင်း၊

(၅) ပင်လယ်ဆိပ်ကမ်း၊ ရေယာဉ်၊ လူပုဂ္ဂိုလ်၊ ကုန်ပစ္စည်း သို့မဟုတ် ပင်လယ်ပြာစီးပွားရေး၏လုံခြုံရေးကို ထိခိုက်နိုင်သည့်အခြေအနေတွင် ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ တပ်မတော်(ရေ)နှင့်ပူးပေါင်း၍ အမျိုးသားအဆင့် လုံခြုံရေးအဆင့်နှင့် ဇရိယာများ သတ်မှတ်ခြင်းနှင့် သက်ဆိုင်သူများထံသို့ အသိပေးကြေညာခြင်း။

အခန်း (၆)

ပင်လယ်ရေကြောင်းဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းရေး

၁၂။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပင်လယ်ရေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ အောက်ပါတာဝန်တို့ကို ဆောင်ရွက်ရမည်-

(က) နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်မှစ၍ ပိုင်နက်ပင်လယ်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက် -

(၁) ရေယာဉ်များ ပင်လယ်ရေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၂) ရေနံတင်ရေယာဉ်များ၊ အဏုမြူစွမ်းအင်သုံးရေယာဉ်များနှင့် အဏုမြူသဘောအရဖြစ်စေ၊ ပင်ကိုသဘောအရဖြစ်စေ အန္တရာယ်ဖြစ်စေသည့်၊ အခြားသော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသည့်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်လာသောရေယာဉ်များသည် နိုင်ငံတော်က ကန့်သတ်ထိန်းချုပ်ပြီး သတ်မှတ်ပေးထားသော ရေလမ်းကြောင်းအတိုင်း သွားလာခြင်း ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊ နိုင်ငံတကာသဘောတူစာချုပ်များနှင့်အညီ သတ်မှတ်ထားသည့် ကြိုတင်ကာကွယ်ခြင်းအစီအမံများကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးခြင်းနှင့် လိုအပ်သည့် စာရွက်စာတမ်းများ သယ်ဆောင်လာခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း။

(ခ) နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင်-

(၁) ရှူကလီးယားစွမ်းအင် ဘေးကင်းလုံခြုံစွာ အသုံးချရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နိုင်ငံတကာသဘောတူစာချုပ်များ၊ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency) ၏ ဘေးအန္တရာယ်ကင်းရှင်းရေးစံချိန်စံညွှန်းများကို ရှူကလီးယားစွမ်းအင်သုံး ရေပေါ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများက လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စစ်ဆေးခြင်း၊

(၂) စွန့်ပစ်ခံရေယာဉ် သို့မဟုတ် အန္တရာယ်ရှိသောရေယာဉ်ပျက် တစ်စင်းစင်းကိုတွေ့ရှိပါက သတ်မှတ်ချက်များနှင့်အညီစုံစမ်းစစ်ဆေးခြင်း၊ ဆယ်တင်ခြင်းနှင့်ရှင်းလင်းဖယ်ရှားခြင်း။

(ဃ) ပင်လယ်ဆိပ်ကမ်းသို့ ဝင်ရောက်လာသောရေယာဉ်အား ပင်လယ်ရေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးခြင်း၊

(ဃ) ရေလမ်းကြောင်းပြအထောက်အကူပြုပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခြင်း။

၁၃။ နိုင်ငံတော်၏ပိုင်နက်ပင်လယ်အတွင်းသို့ ခုတ်မောင်းလာသည့်ရေယာဉ်သည် အောက်ပါသတင်းအချက်အလက်များကို ရေယာဉ်သတင်းအချက်အလက်အစီရင်ခံစနစ်အရ ကမ်းခြေစောင့်တပ်ဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီပေးပို့ရမည်-

(က) ခရီးစဉ်အစီအစဉ်၊

(ခ) တည်နေရာသတင်းပို့ချက်၊

(ဂ) ဦးတည်လမ်းကြောင်းပြောင်းလဲမှုသတင်းပို့ချက်၊

(ဃ) ရောက်ရှိမှုသတင်းပို့ချက်၊

(င) သယ်ဆောင်လာသော ကုန်စည်အမျိုးအစားစာရင်း၊ ခရီးသည်စာရင်းနှင့် ရေယာဉ်အမှုထမ်းစာရင်း၊

(စ) ကမ်းခြေစောင့်တပ်ဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသောအချက်အလက်များ။

အခန်း (၇)

အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ညစ်ညမ်းမှုတုံ့ပြန်ခြင်း

၁၄။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ရေပြင်နယ်နိမိတ်အတွင်း အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ညစ်ညမ်းမှုတုံ့ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါတာဝန်များကို ဆောင်ရွက်ရမည်-

(က) နိုင်ငံတကာသဘောတူစာချုပ်များအရ ပေးအပ်ထားသည့် လွတ်လပ်စွာဖြတ်သန်းသွားလာခွင့်ကိုမထိခိုက်စေဘဲ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထု၊ ပင်လယ်ကြမ်းပြင်အထက်ရှိ ရေထုနှင့် ပင်လယ်ရေမျက်နှာပြင်တို့တွင်ရှိသော အဏ္ဏဝါသဘာဝသယံဇာတများကို တရားမဝင်စူးစမ်းရှာဖွေခြင်း၊ ဖမ်းယူခြင်း သို့မဟုတ် တူးဖော်ထုတ်လုပ်ခြင်းတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့်ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(ခ) အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်၊ ရှားပါးမျိုးစိတ်များကို ညစ်ညမ်းစေသည့် သို့မဟုတ် ပျက်စီးဆုံးရှုံးစေသည့်ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့်ရေယာဉ် သို့မဟုတ် လူပုဂ္ဂိုလ်ကိုစစ်ဆေးခြင်း၊

(ဂ) စက်မှုလုပ်ငန်း၊ ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးနှင့် သက်ဆိုင်သောလုပ်ငန်း၊ နျူကလီးယားစွမ်းအင်သုံး ရေပေါ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ စွမ်းအင်တစ်ခုခုကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သော ရေပေါ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပင်လယ်ဆိပ်ကမ်း သို့မဟုတ် ရေယာဉ်က ဘေးအန္တရာယ်ဖြစ်စေသော သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသော အင်္ဂေ့၊ အရည် သို့မဟုတ် အစိုင်အခဲကို နည်းလမ်းတကျ စွန့်ပစ်ခြင်းမပြုကြောင်း မသင်္ကာဖွယ်တွေ့ရှိပါက သို့မဟုတ် သတင်းရရှိပါက ထိုလုပ်ငန်းရှင်ကိုဖြစ်စေ၊ တာဝန်ရှိသူကိုဖြစ်စေ စစ်ဆေးခြင်း၊

(ဃ) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ သို့မဟုတ်ပင်လယ်ပြာစီးပွားရေးနှင့်သက်ဆိုင်သော အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို တရားမဝင်လုပ်ကိုင်ကြောင်း မသင်္ကာဖွယ်တွေ့ရှိပါက သို့မဟုတ် သတင်းရရှိပါက စစ်ဆေးခြင်း -

(၁) ငါးလုပ်ငန်း၊

(၂) ပုလဲထုတ်လုပ်ရေးလုပ်ငန်း၊

(၃) အဏ္ဏဝါသဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊

(၄) အဏ္ဏဝါခရီးသွားလုပ်ငန်း သို့မဟုတ် ပင်လယ်ပြင်ကိုအခြေခံသော ခရီးသွားလုပ်ငန်း၊

(၅) ကမ်းလွန်ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်ဓာတ်သတ္တု သယံဇာတတူးဖော်ရေးလုပ်ငန်း၊

(၆) ပင်လယ်ရေကြောင်းဆိုင်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်း၊

(၇) ပင်လယ်ရေကြောင်းကုန်သွယ်ရေးလုပ်ငန်း၊

(၈) အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသနလုပ်ငန်း၊

(၉) အဏ္ဏဝါသဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း၊

(၁၀) ပင်လယ်ရေအောက် သမိုင်းအမွေအနှစ် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း။

(ဂ) ပင်လယ်ပြာစီးပွားရေးလုပ်ငန်း သို့မဟုတ် ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကတောင်းခံပါက သဘောထားမှတ်ချက်ပေးခြင်း၊

(စ) အဏ္ဏဝါအရင်းအမြစ် ထိန်းသိမ်းရေးနယ်မြေများသတ်မှတ်ခြင်းနှင့် ယင်းနယ်မြေများအတွင်း အဏ္ဏဝါသဘာဝသယံဇာတများ၊ အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊

(ဆ) ရေပြင်နယ်နိမိတ်အတွင်းရှိရေးဟောင်းဝတ္ထုပစ္စည်းများနှင့် သမိုင်းဝင်ပစ္စည်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊

(ဇ) အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့နှင့်စပ်လျဉ်း၍ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စျ) ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့် ရေထုညစ်ညမ်းမှုတုံ့ပြန်ဆောင်ရွက်ရေး စီမံချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ညစ်ညမ်းမှုတုံ့ပြန်ခြင်းတို့နှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဋ) အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုအတွက် နိုင်ငံတော်ကိုယ်စား လျော်ကြေးတောင်းခံခြင်းဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်၊ ရှားပါးမျိုးစိတ်များကို ထိခိုက်စေသည့် ဖြစ်ရပ်သို့မဟုတ် ညစ်ညမ်းမှုတစ်ခုခုပေါ်ပေါက်ကြောင်း သတင်းပေးသူ သို့မဟုတ် တုံ့ပြန်ဆောင်ရွက်သည့်အဖွဲ့အစည်းကို ဆုကြေးပေးနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

စာမျက်နှာ ၄ သို့ ↻

(၃) ရေထုညစ်ညမ်းမှုတုံ့ပြန်ရေးဆောင်ရွက်ရာတွင် လေကြောင်းပျံသန်းမှုလိုအပ်ပါက သက်ဆိုင်ရာသို့ လေယာဉ်တောင်းခံခြင်း။

အခန်း (၈)

ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး

၁၅။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့်စပ်လျဉ်း၍ အောက်ပါတာဝန်တို့ကို ဆောင်ရွက်ရမည် -

(က) အမျိုးသားအဆင့်ရှာဖွေကယ်ဆယ်ရေးစီမံချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းပင်လယ်ရေကြောင်း ရှာဖွေကယ်ဆယ်ရေး အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးသတင်းအချက်အလက်များဖလှယ်ခြင်း၊

(ဂ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ကင်းလှည့်စစ်ဆေးခြင်း သို့မဟုတ် ရှာဖွေကယ်ဆယ်ခြင်းဆိုင်ရာလေ့ကျင့်မှုကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများကို အသင့်အနေအထားဖြစ်စေရန် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(င) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရာတွင် လေကြောင်းပျံသန်းမှုလိုအပ်ပါက သက်ဆိုင်ရာသို့ လေယာဉ်တောင်းခံခြင်း။

အခန်း (၉)

ပူးပေါင်းဆောင်ရွက်ခြင်း

၁၆။ ကမ်းခြေစောင့်တပ်ဖွဲ့သည် -

(က) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် တာဝန်ပေးအပ်ပါက နိုင်ငံတကာပင်လယ်ပြင် (High Seas) တွင်ဖြစ်စေ၊ နိုင်ငံတော်၏စီရင်ပိုင်ခွင့်အာဏာပြင်ပရှိနေရာတစ်ခုခုတွင်ဖြစ်စေ ပင်လယ်ဓားပြမှုတားဆီးနှိမ်နင်းခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းတို့ကို တပ်မတော်(ရေ)၊ သက်ဆိုင်ရာပြည်တွင်းပြည်ပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံတော်၏ကုန်းတွင်းပိုင်းတစ်နေရာရာတွင် လူပုဂ္ဂိုလ်တစ်ဦးဦးက တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပြီး ရေပြင်နယ်နိမိတ်အတွင်းသို့ ထွက်ပြေးတိမ်းရှောင်ကြောင်း သတင်းရရှိပါက ယင်းပြစ်မှုကျူးလွန်သူကို ဖမ်းဆီးခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်းပြုနိုင်သည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ပြီး ရေပြင်နယ်နိမိတ်ပြင်ပသို့ ထွက်ပြေးတိမ်းရှောင်သည့် ပြစ်မှုကျူးလွန်သူ သို့မဟုတ် ရေယာဉ်ကိုဖမ်းဆီးရန် ပြည်တွင်းပြည်ပသက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံသို့ အကူအညီတောင်းခံခြင်း သို့မဟုတ် အခွင့်အာဏာလွှဲအပ်ခြင်းပြုနိုင်သည်။

(ဃ) ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်မှူး သို့မဟုတ် သက်ဆိုင်ရာအလံတင်နိုင်ငံ၏ တောင်းဆိုချက်အရ နိုင်ငံတကာပင်လယ်ပြင်တွင် ရောက်ရှိနေသော ရေယာဉ်ပေါ်ရှိပြစ်မှုကျူးလွန်သူကို ဖမ်းဆီး၍ အရေးယူနိုင်ရန် သက်ဆိုင်ရာနိုင်ငံ၏အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(င) ရေယာဉ်များဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ရမည်။

(စ) တပ်မတော်(ရေ)နှင့်ပူးပေါင်း၍ အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများကို ဥပဒေနှင့်အညီ စစ်ဆေးနိုင်သည်။

(ဆ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး သို့မဟုတ် ရေထုညစ်ညမ်းမှုတုံ့ပြန်ရေးတာဝန်ကို ထမ်းဆောင်ရာတွင်လေကြောင်းပျံသန်းမှုလိုအပ်ပါက လေယာဉ်ရရှိရေးအတွက် သက်ဆိုင်ရာသို့ တင်ပြခြင်း သို့မဟုတ် တောင်းခံခြင်း ဆောင်ရွက်နိုင်သည်။

၁၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပုဒ်မ ၁၆ ပါ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်ကသတ်မှတ်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်သည်။

၁၈။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို ပြည်တွင်းပြည်ပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများထံမှ တောင်းခံရယူခွင့်ရှိသည်။

၁၉။ ကမ်းခြေစောင့်တပ်ဖွဲ့သည်-

(က) ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံခြားရေယာဉ်ပေါ်တွင် လူပုဂ္ဂိုလ်တစ်ဦးဦးက ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ပြည်ပတွင် ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်လာသူက နိုင်ငံခြားရေယာဉ်တစ်စင်းစင်းတွင် စီးနင်းလိုက်ပါလာကြောင်း သတင်းရရှိပါက ထိုသူကိုအရေးယူနိုင်ရန် ပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ခ) ပြည်ပတွင် ပြစ်မှုကျူးလွန်ခဲ့သည့် နိုင်ငံခြားရေယာဉ်တစ်စင်းစင်းသည် ရေပြင်နယ်နိမိတ်အတွင်းဝင်ရောက်လာကြောင်း ကိုယ်တိုင်သိရှိပါက သို့မဟုတ် သတင်းရရှိပါက အဆိုပါရေယာဉ်ကိုစစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်းဆောင်ရွက်ရန် သက်ဆိုင်ရာ ပြည်တွင်းပြည်ပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၂၀။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ရေပြင်နယ်နိမိတ်အတွင်း အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်နှင့် ရှားပါးမျိုးစိတ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ညစ်ညမ်းမှုကာကွယ်တားဆီးခြင်း၊ ညစ်ညမ်းမှုတုံ့ပြန်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များ၊ ပြည်တွင်းပြည်ပမှသက်ဆိုင်ရာအစိုးရဌာနများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၁။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကင်းလှည့်စစ်ဆေးခြင်း သို့မဟုတ် ရှာဖွေကယ်ဆယ်ခြင်းဆိုင်ရာလေ့ကျင့်မှုများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

အခန်း (၁၀)

တားမြစ်ချက်များ

၂၂။ (က) မည်သူမျှ သို့မဟုတ် မည်သည့်ရေယာဉ်မျှ နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် ပင်လယ်ပြာစီးပွားရေးကို ထိခိုက်ပျက်စီးစေမည့် ပြုလုပ်မှုတစ်ခုခုကိုမပြုရ။

(ခ) မည်သူမျှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေအရ သတ်မှတ်သည့် ဆိပ်ကမ်းနယ်နိမိတ်ပြင်ပရှိ ရေပြင်နယ်နိမိတ်အတွင်းတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ရေလမ်းကြောင်းပိတ်ဆို့စေနိုင်သော သို့မဟုတ် ရေကြောင်းသွားလာမှုကို ဟန့်တားခြင်းဖြစ်ပေါ်စေနိုင်သော သို့မဟုတ် တစ်နည်းနည်းဖြင့် ထိခိုက်စေနိုင်သော ရေယာဉ်ကို ဖြစ်စေ၊ ပစ္စည်းတစ်မျိုးမျိုးကို ဖြစ်စေ၊ ရေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေနိုင်သော ပစ္စည်းတစ်မျိုးမျိုးကိုဖြစ်စေ စွန့်ပစ်ခြင်း၊ တစ်နည်းနည်းဖြင့် ရောက်ရှိစေခြင်း သို့မဟုတ် တည်ဆောက်ခြင်းမပြုရ။

(ဂ) မည်သူမျှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတ်မှတ်ထားသည့် ဆိပ်ကမ်းနယ်နိမိတ်ပြင်ပရှိ ရေပြင်နယ်နိမိတ်အတွင်းတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်းတံတားတစ်မျိုးမျိုးကိုသော်လည်းကောင်း၊ သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့်လွန်းလမ်းတစ်မျိုးမျိုးကိုသော်လည်းကောင်း တည်ဆောက်ခြင်းမပြုရ။

(ဃ) မည်သူမျှ လူနေထိုင်ခြင်းမပြုရန် သတ်မှတ်ထားသည့်ကျွန်းများတွင် ဝင်ရောက်နေထိုင်ခြင်းမပြုရ။

(င) မည်သူမျှညစ်ညမ်းမှုတုံ့ပြန်ရေး အထောက်အကူပြုပစ္စည်း သို့မဟုတ် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းကို ဖယ်ရှားခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ ရေတွင်မျှောခြင်း သို့မဟုတ် ခိုးယူခြင်းမပြုရ။

(စ) မည်သူမျှ သို့မဟုတ် မည်သည့်ရေယာဉ်မျှ နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ ပိုင်နက်ပင်လယ်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် မမှန်ကန်သောအမှတ်အသားကိုဖော်ပြခြင်း၊ တရားမဝင်အလံလွှင့်ထူခြင်း သို့မဟုတ် အတုပြုလုပ်ထားသော စာရွက်စာတမ်းကို သယ်ဆောင်ခြင်းမပြုရ။

(ဆ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်အတွင်းသို့ ခုတ်မောင်းလာသည့် မည်သည့်ရေယာဉ်မျှ ပုဒ်မ ၁၃ အရ သတ်မှတ်ထားသော သတင်းအချက်အလက်ကိုပေးပို့ရန် ပျက်ကွက်ခြင်းမရှိစေရ သို့မဟုတ် မမှန်မကန်သတင်းပို့ခြင်းမပြုရ။

(ဇ) မည်သည့် ရေပေါ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမျှ ရေပြင်နယ်နိမိတ်အတွင်းတွင် အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါဂေဟစနစ်အပေါ် သိသာထင်ရှားစေသည့် သို့မဟုတ် ထိခိုက်ပျက်စီးစေသည့် ပြုလုပ်မှုတစ်ခုခုကိုမပြုရ။

အခန်း (၁၁)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၃။ (က) မည်သူမဆို သို့မဟုတ် မည်သည့်ရေယာဉ်မဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျူးလွန်သူ သို့မဟုတ် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးကို အနည်းဆုံး ထောင်ဒဏ်သုံးနှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ ထို့ပြင် အဆိုပါပြုလုပ်မှုကြောင့် ပေါ်ပေါက်လာသည့် နစ်နာဆုံးရှုံးမှုကိုလည်းကောင်း၊ အဆိုပါ အရာဝတ္ထုများကို ဖယ်ရှားရှင်းလင်းရသည့် ကုန်ကျစရိတ်ကိုလည်းကောင်း ပြစ်မှုကျူးလွန်သူကပေးလျော်စေရမည်။

(ဂ) မည်သူမဆို-

(၁) ပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် အဆိုပါ တည်ဆောက်ထားသည့် အရာများကို ပြစ်မှုကျူးလွန်သူက မိမိစရိတ်ဖြင့် သတ်မှတ်ကာလအတွင်း မူလအနေအထားသို့ ပြန်လည်ရောက်ရှိစေရန် ဖယ်ရှားရှင်းလင်းစေရမည်။

(၂) ပုဒ်မခွဲငယ်(၁)ပါ သတ်မှတ်ကာလအတွင်း ဖယ်ရှားရှင်းလင်းခြင်းမပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ပုဒ်မခွဲငယ်(၁)ပါ သတ်မှတ်ကာလစေ့ရောက်သည့်နေ့မှစ၍ အဆိုပါ တည်ဆောက်ထားသည့်အရာများ ဖယ်ရှားရှင်းလင်းပြီးသည့်နေ့အထိ နေ့စဉ် ငွေဒဏ် ကျပ်သိန်း ၁၀၀ စီ ပေးဆောင်စေရမည်။

ဆက်လက်ဖော်ပြပါမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောင်ဝိုင်းလွန်းကျင်းလုပ်ငန်းပြန်လည်ဆောင်ရွက်နေသည့်အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောင်ဝိုင်းလွန်းကျင်းလုပ်ငန်းပြန်လည်ဆောင်ရွက်နေသည့်အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ၈ လိုင် ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင် မြို့နယ်၊ ကျောင်ဝိုင်းကျေးရွာရှိ ကျောင်ဝိုင်းလွန်းကျင်း လုပ်ငန်းပြန်လည်ဆောင်ရွက်နေသည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်ဝိုင်းလွန်းကျင်းသို့ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ကျောင်ဝိုင်းလွန်းကျင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်လွန်းကျင်းသမိုင်းအကျဉ်းတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွန်းကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လွန်းကျင်း လုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေး၊ လွန်းကျင်းအား ခေတ်နှင့်လျော်ညီစွာ ပြန်လည်ပြုပြင်ခြင်း၊ စက်ကိရိယာများ ထပ်မံဖြည့်သွင်းခြင်းတို့ကို ဆောင်ရွက်၍ အကျိုးရှိအောင် ဆက်လက်ဆောင်ရွက်သွားနိုင်ရေး၊ သန့်ရှင်းသပ်ရပ်မှုနှင့်ထိန်းသိမ်းမှုများစနစ်တကျဖြစ်စေရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ကျောင်ဝိုင်းလွန်းကျင်းကို ၁၉၈၁-၁၉၈၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ရေလုံလွန်းကျင်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း ရေယာဉ်အစင်းရေ ၄၉ စင်းကို လွန်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများရပ်တန့်ခဲ့ကြောင်း၊ ကျောင်ဝိုင်းရေလုံလွန်းကျင်းသည် သက်တမ်းကြာမြင့်ပြီဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုမရှိခြင်းကြောင့် လုပ်ငန်းရပ်နားချိန်ကြာမြင့်ပါက ပျက်စီးဆုံးရှုံးမှုများ ပိုမိုများလာနိုင်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ လုပ်ငန်းများပြန်လည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (ရန်ကုန်)မှ အရာထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တွေ့ဆုံ

ရန်ကုန် ၈ လိုင် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်)မှအရာထမ်းများနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် အခြေအနေများကို မျက်စိဖွင့်၊ နားစွင့်ပြီး သတင်းများဖော်ပြရာ၌ သမားရိုးကျထက် ခေတ်ကာလနှင့်အညီ ရေးသားဖော်ပြရန်လိုအပ်ကြောင်း၊ အမှားအယွင်းကင်းစင်စေရန်နှင့် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများကို အမြဲမပြတ်လေ့လာသိရှိနေရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ပုံနှိပ်မီဒီယာအပေါ် အလေးထားကြောင်း၊ ပြည်သူလူထုအား သတင်းမှန်သိရှိစေရေး ရှာဖွေဖော်ပြပေးသွားရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက သတင်းစာထုတ်လုပ်ဖြန့်ချိနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

မြဝတီ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

နေပြည်တော် ၈ လိုင် ၁၈

သစ်တောသစ်ပင်များ ပိုမိုတန်ဖိုးထားချစ်မြတ်နိုးစွာ စိုက်ပျိုးထိန်းသိမ်းလာစေရန်၊ ရာသီဥတုပြောင်းလဲမှုလျော့နည်းလာစေရေး အထောက်အကူဖြစ်စေရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်ပင်ထိန်းသိမ်းစိုက်ပျိုးပြုစုခြင်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရုံးဇရိယာအတွင်း၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက သတ်မှတ်နေရာတွင် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာအသီးသီးတွင် ကျွန်း၊ မဟော်ဂနီ၊ သစ်ဆိမ့်၊ ပျဉ်းကတိုး၊ ပိတောက်၊ ရေတမာ၊ မဲဇလီ၊ ခရေ၊ စွယ်တော်ပင် စုစုပေါင်းပျိုးပင် ၁၄၀၀ ကို စုပေါင်းစိုက်ပျိုးကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မဟာဗျူဟာလုပ်ငန်းစီမံချက်အပေါ် လုပ်ငန်းအကောင်အထည်ဖော်မှု သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာများ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ၈ လိုင် ၁၈

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မဟာဗျူဟာလုပ်ငန်းစီမံချက်အပေါ် လုပ်ငန်းအကောင်အထည်ဖော်မှုသုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာများဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးများက Online ဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင်ပြည်ထောင်စုစာရင်းစစ်ချုပ်က ချမှတ်ထားသည့်မဟာဗျူဟာစီမံချက်များနှင့်အညီလုပ်ငန်းတာဝန်များကိုထိရောက်စွာဆောင်ရွက်နိုင်စေရေးအတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုမြင့်မားစေရန် အလွန်အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မဟာဗျူဟာလုပ်ငန်းစီမံချက်အပေါ် လုပ်ငန်းအကောင်အထည်ဖော်မှု သုံးသပ်ခြင်းနှင့်ရှေ့လုပ်ငန်းစဉ်များ၊ စစ်ဆေးရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် သတိပြုရမည့်အချက်များကို ဆွေးနွေးပြောကြားကြရာ Online ဖြင့် တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးများက သိရှိလိုသည်များကိုမေးမြန်းကြသည်။

ယင်းနောက် ဒုတိယစာရင်းစစ်ချုပ်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့်ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

❖ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ်အားပေးလျက်ရှိပြီး ကျန်းမာမှုအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှုပညာသင်ကြားနိုင်မည်ကို အားလုံးနားလည်ကြမည်ဖြစ် . . .

❖ လူသားများသက်ရှည်ကျန်းမာရေးအတွက် ဆောင်ကြဉ်းပေးမည့် တာဝန်များထမ်းဆောင်ရန် မောင်တို့မယ်တို့ကို တာဝန်ပေးနိုင်ခြင်းအတွက် နိုင်ငံတော်ကိုယ်စားများစွာဝမ်းသာအားရရှိရသကဲ့သို့ မင်္ဂလာရှိသည့်နေ့ရက်တစ်ရက်ဖြစ်. . .

❖ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေးလုပ်ငန်းများကို မိမိတို့နိုင်ငံ၏ အရင်းအမြစ်များအပေါ်မူတည်ပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည့် မူဝါဒများ၊ စီမံချက်များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ. . .

✯ ကျောဖုံးမှအဆက်

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆေးကောင်စီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ ဆရာဝန် (သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာသို့ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက်အခမ်းအနားကိုစတင်ကျင်းပပြုလုပ်ရာ ဆေးတက္ကသိုလ်-၁ (ရန်ကုန်)မှကျောင်းသူများက "မင်္ဂလာပါ" တေးသရုပ်ဖော်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ်အားပေးလျက်ရှိပြီး ကျန်းမာမှုအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ကို အားလုံးနားလည်ကြမည်ဖြစ်**ကြောင်း၊ ကျန်းမာရေးအတွက် အဓိကလိုအပ်သည်မှာ ကာယကံရှင်လူသားများ၏ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးအသိရှိမှုအပေါ်တွင် မူတည်သကဲ့သို့ လူသားတို့သည် သွေးနှင့်သားနှင့်ပတ်ဝန်းကျင်နှင့်နေထိုင်ကြရသည်ဖြစ်သည့်အတွက် ကျန်းမာရေးထိခိုက်မည့်သက်ရောက်မှုများ အနည်းနှင့်အများ ကြုံကြရမည်ဖြစ်ကြောင်း၊ ယင်းကိုဖြေရှင်းပေးရမည်မှာ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများကအဓိကဖြစ်ပြီး **လူသားများသက်ရှည် ကျန်းမာရေးအတွက် ဆောင်ကြဉ်းပေးမည့် တာဝန်များထမ်းဆောင်ရန် မောင်တို့မယ်တို့ကို တာဝန်ပေးနိုင်ခြင်းအတွက် နိုင်ငံတော်ကိုယ်စား များစွာဝမ်းသာအားရရှိရသကဲ့သို့ မင်္ဂလာရှိသည့်နေ့ရက်တစ်ရက်ဖြစ်**ကြောင်းကို ပြောလိုကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံအသီးသီးက ပြည်သူများ၏ အသက်အန္တရာယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ကြီးမားစွာရိုက်ခတ်စေခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးနှင့်အတူ လူမှုရေး၊ စီးပွားရေးနောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းတို့ကို ကာကွယ်ထိန်းချုပ်တုံ့ပြန်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က အငြိမ်းစားပညာရှင်များအပါအဝင် ကျန်းမာရေးဆိုင်ရာပညာရှင်များ၊ နိုင်ငံအတွင်းရှိစေတနာရှင်အဖွဲ့အစည်းများ၏ စွမ်းအားများ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း။

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များတွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို အထူးအလေးပေးစောင့်ရှောက်ပေးခဲ့သည်ကိုတွေ့ရကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရင်ဆိုင်ကြုံတွေ့ရသည့် မိုခါဆိုင်ကလုန်းမုန်တိုင်း သဘာဝဘေးနှင့် ၂၀၂၄ ခုနှစ် ရာဂိမုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံမှုသဘာဝဘေးတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးကုသမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ်၊ မတ်လ(၂၈)ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ကျန်းမာရေးဝန်ထမ်းများသည် မိမိတို့ကိုယ်တိုင်ငလျင်ဘေးဒဏ်ကိုခံစားရပြီး ဒုက္ခရောက်နေရသော်လည်း ငလျင်ဒဏ်ခံရသည့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နေ့ရောညပါ ဆောင်ရွက်ပေးနိုင်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ပြည်တွင်းပြည်ပ ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ အရေးပေါ်ဆေးကုသရေးအဖွဲ့များ၊ အထူးကုဆေးအဖွဲ့များနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်းကာ ကျေးလက်ဒေသအထိကွင်းဆင်းပြီး ငလျင်ဒဏ်သင့်ပြည်သူများ၏ ကျန်းမာရေးကို စွမ်းစွမ်းတမံစောင့်ရှောက်နိုင်ခဲ့သည်ကိုလည်း ဂုဏ်ယူလေးစားဖွယ်တွေ့ရှိခဲ့ရကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏

စာမျက်နှာ ၇ သို့ ✯

❖ ပြည်သူ့ဆေးရုံများအနေဖြင့် အရေးပေါ်လူနာများ အချိန်ပြည့်လက်ခံကုသနိုင်ရေး စီမံထားရှိပြီး လူနာများကို တတ်နိုင်သမျှ ကုန်ကျစရိတ်မရှိစေဘဲ စိုက်ထုတ်သုံးစွဲရငွေ လျော့နည်းစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ. . .

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း ဆေးပညာရှင်ဆရာဝန်များကို ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရန် Naypyitaw State Academy တွင် Medical Faculty ကို ၂၀၂၃ ခုနှစ်က စတင်တည်ထောင်ဖွင့်လှစ်ပြီး နှစ်စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိ. . .

❖ မောင်မယ်တို့အနေဖြင့် မိမိတို့၏ အလုပ်သင်သက်တမ်းကာလ အောင်မြင်ပြီးမြောက်ပြီးသည့်နောက်တွင် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို တစ်တပ်တစ်အား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနတွင် အလုပ်ဝင်ရောက်ကြသည်ကို အထူးပင်အားရဝမ်းသာဖြစ်မိ. . .

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် "လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ" ဆိုသည်ကို ဦးထိပ်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိ. . .

★ **စာမျက်နှာ ၆ မှအဆက်**

လူမှုရေးဦးတည်ချက်များမှ ဒုတိယအချက်ဖြစ်သည့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံခိုင်ရေးအတွက်ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"** ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏အဓိကတာဝန်ဖြစ်ကြောင်း၊ထို့ကြောင့် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ နီးနွယ်ဆက်စပ်နေသည့် ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာရှင် ပရဟိတ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်မှုစွမ်းအားများဖြင့် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေးလုပ်ငန်းများကို မိမိတို့နိုင်ငံ၏ အရင်းအမြစ်များအပေါ်မူတည်ပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည့်မူဝါဒများ၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများနေရာထိုင်ခင်းကောင်းမွန်စွာဖြင့် စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံနိုင်ရေးအတွက် ပြည်သူ့ဆေးရုံများ မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် အဆင့်မီဆေးကုပေးခြင်း၊ ဆေးဝါးများ၊ ခေတ်မီဆေးပစ္စည်းကိရိယာများ စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးခြင်းတို့ကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **ပြည်သူ့ဆေးရုံများအနေဖြင့် အရေးပေါ်လူနာများ အချိန်ပြည့်လက်ခံကုသနိုင်ရေးစီမံထားရှိပြီး လူနာများကို တတ်နိုင်သမျှ ကုန်ကျစရိတ်မရှိစေဘဲ စိုက်ထုတ်သုံးစွဲရငွေ လျော့နည်းစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ **"ဆေးရုံတိုင်း ဆရာဝန်ရှိရမည်"** ဟူသည့်အတိုင်း ကျန်းမာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သစ်လွင်ဆရာဝန်များအနေဖြင့် ယခုမိမိတို့တာဝန်ကျရာဆေးရုံများတွင် စတင်ထမ်းဆောင်ကြတော့မည် ဖြစ်သဖြင့် ဝမ်းသာအားရဖြစ်ရပါကြောင်းနှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန်တိုက်တွန်းပြောကြားလိုကြောင်း။

လူတိုင်းသည် သက်ရှည်ကျန်းမာလိုကြပြီး နိုင်ငံတစ်ခုတွင် မည်မျှသက်ရှည်ကျန်းမာကြသည်ကို မျှော်မှန်းသက်တမ်းကိုကြည့်၍ပြောကြကြောင်း၊ မြန်မာနိုင်ငံရဲ့ မျှော်မှန်းသက်တမ်းသည် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရဖိုးနှစ်ရှိကြောင်း၊ အာဆီယံနိုင်ငံများအနက် အဆင့် ၉ ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါကလည်း အဆင့် ၅ ဖြစ်ကြောင်း၊ မည်သည့်အားနည်းချက်ရှိနေသည်ကို သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသောက်နေထိုင်ခြင်း၊ ကာကွယ်ဆေးများထိုးခြင်း၊ သေနှုန်းများချိန်ဆသုံးသပ်ခြင်း စသည်ဖြင့် ကျန်းမာရေးရှုထောင့်အရ ဆောင်ရွက်သင့်သည်များကို ရောက်ရှိတာဝန်ထမ်းဆောင်သည့် ဒေသများတွင်အလေးထားဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် မျှော်မှန်းသက်တမ်း မြင့်မားလာစေရေးအတွက် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်များ လုံလုံလောက်လောက် လေ့ကျင့်မွေးထုတ်ပြီး တာဝန်ပေးနေရာအရေးကြီးကြောင်း၊ ထို့ကြောင့် အရည်အချင်းပြည့်ဝသည့် ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာတက္ကသိုလ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့်တိုင်းရင်းဆေးတက္ကသိုလ်အပါအဝင် သူနာပြုနှင့် သားဖွားသင်ထောန်းကျောင်းစသည့်တက္ကသိုလ်နှင့်ကျောင်း(၅၃)ခုကိုဖွင့်လှစ်ပြီး သင်ရိုးညွှန်းတမ်းများကို လိုအပ်ချက်နှင့်အညီ ပြုပြင်ပြောင်းလဲပြီး သင်ကြားပေးလျက်ရှိကြောင်း။

ထို့ပြင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း ဆေးပညာရှင်ဆရာဝန်များကိုပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရန် Naypyitaw State Academy တွင် Medical Faculty ကို ၂၀၂၃ ခုနှစ်က စတင်တည်ထောင်ဖွင့်လှစ်ပြီး နှစ်စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိ**ရာ ယခုအခါ ဆေးပညာကျောင်းသား၊ ကျောင်းသူ (၁၀၀)ဦး တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း။

မောင်မယ်တို့အနေဖြင့် မိမိတို့၏ အလုပ်သင်သက်တမ်းကာလ အောင်မြင်ပြီးမြောက်ပြီးသည့်နောက်တွင် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို တစ်တပ်တစ်အား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနတွင် အလုပ်ဝင်ရောက်ကြသည်ကို အထူးပင်အားရဝမ်းသာဖြစ်မိကြောင်း၊ ကျန်းမာရေး လူစွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးရမည်ဖြစ်ပြီး မောင်တို့မယ်တို့အပါအဝင်ယင်းအင်အားများသည် ကျန်းမာရေးကဏ္ဍအတွက် မျိုးဆက်သစ်၊ အင်အားသစ်များပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဆေးရုံအသီးသီးနှင့် ကျန်းမာရေးကဏ္ဍအသီးသီးတွင် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ကြရဦးမည်ဖြစ်ကြောင်း၊ အရေအတွက်သာမက အရည်အချင်းနှင့် အဘက်ဘက်မှ ပြည့်စုံသည့်ဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများဖြစ်အောင်ကြိုးစားလေ့ကျင့်ထမ်းဆောင်သွားကြရန်မှာကြားလိုကြောင်း။

မောင်တို့မယ်တို့သည် ရန်ကုန်၊ မန္တလေး၊ မကွေး၊ တောင်ကြီး စသည့် မြို့ကြီးများ၌ ဆေးဘက်ပညာများ သင်ကြားခဲ့သူများဖြစ်သဖြင့် ဖွံ့ဖြိုးမှုအတွေ့အကြုံများစွာ ရရှိခဲ့သူများဖြစ်ကြောင်း၊ ကောင်းမွန်သည့် ဖွံ့ဖြိုးမှုအတွေ့အကြုံများကို ရောက်ရှိတာဝန်ထမ်းဆောင်သည့် မြို့၊ ဒေသများ၌ ပြန့်ပွား မျှဝေဆောင်ရွက်နိုင်ရေးလည်း တတ်စွမ်းသမျှ လုပ်ဆောင်ပေးစေလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဆိုသည်ကို ဦးထိပ်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လူတိုင်းလက်လှမ်းမီသည့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူလူထု၏ ကိုယ်ပိုင်ငွေကြေးကုန်ကျရမှုသက်သာစွာဖြင့် ရရှိစေရေး အစွမ်းကုန်ကြိုးစားအားထုတ်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန၏ ပြန်တမ်းဝင်အရာရှိများအဖြစ် ယနေ့ခန့်အပ်မည့်မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဆေးရုံများ၌ ပြည်သူများကို ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်ဖြင့် ကုသစောင့်ရှောက်မှုပေးပြီး နိုင်ငံ့အကျိုးပြုကျန်းမာရေးဝန်ထမ်းကောင်းများဖြစ်ကြစေရန် ဆန္ဒပြုဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ၿငိးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးတက္ကသိုလ် ၄ ခုမှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိခန့်လွှာများပေးအပ်ရာ တက္ကသိုလ်တစ်ခုချင်းစီအလိုက် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ဆေးတက္ကသိုလ်နှစ်ခုနှင့်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တို့မှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိခန့်လွှာများပေးအပ်ရာ တက္ကသိုလ်တစ်ခုချင်းစီအလိုက် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များမှတ်တမ်း Video Clip ကိုကြည့်ရှုကြသည်။

ထို့နောက် သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများက "ပေါင်းစည်းနေမည် ထာဝရမြန်မာပြည်" တေးသရုပ်ဖော်သီချင်းဖြင့်လည်းကောင်း၊ ဆေးနှင့် ဆေးနှီးနွယ်တက္ကသိုလ်များမှ ကျောင်းသား၊ကျောင်းသူများက "ပေါင်းစည်းခြင်းမှ အောင်မြင်ခြင်းဆီသို့" တေးသရုပ်ဖော်တေးသီချင်းဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ၿငိးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၇-၂၀၂၅ (စနေနေ့)

၁။ ဝ၆:၀၃ တရားတော်
၂။ ဝ၇:၀၀ မေတ္တာပို့
၃။ ဝ၇:၂၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၄။ ဝ၇:၃၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅။ ဝ၉:၂၀ လူတိုင်းကျန်းမာသိမှတ်စရာ
၆။ ၁၀:၃၀ စာပေနှင့်အနုပညာသတင်း
၇။ ၁၀:၄၅ လူသားတို့နှင့် ဆိုက်ဘာအန္တရာယ်
၈။ ၁၂:၃၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၉။ ၁၇:၀၀ အင်္ဂလိပ်စာသုတ
၁၀။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်းချစ်ခြင်းဖွဲ့အိမ် သရုပ်ဆောင်-နိုင်ဝင်း၊ ခင်မောင်လွင်၊ သဇင်ဦး၊ ဒါရိုက်တာ နိုင်ဝင်း (မင်းဥက္ကာ)**

MWD Variety Channel

၁၉-၇-၂၀၂၅ (စနေနေ့)

၁။ ဝ၉:၁၉ စကားလက်ဆုံ
၂။ ၁၁:၄၁ စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့
၃။ ၁၄:၂၇ သိလိုသမျှ ကျန်းမာရေးကဏ္ဍ
၄။ ၁၅:၄၂ သိမှတ်ဖွယ်ရာသုတကမ္ဘာ

(၁၈-၇-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၈၀,၀၀၀)ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

နောင်ချိုမြို့နယ်တွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများအား ရိက္ခာပစ္စည်းများနှင့် ဆိုလာမီးအိမ်များပေးအပ်



မန္တလေး ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၎ရာဝတီကမ်းနားလမ်း၌ ကျင်းပသည့် ၎ရာဝတီမြစ်အတွင်း မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ငါးခုံးမကြီး၊ ငါးမြစ်ချင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ငါးသိန်း စိုက်ထည့်ပေးကြသည်။

ထို့နောက်ချမ်းမြသာစည်မြို့နယ်မန္တလာသီရိအားကစားကွင်း၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သတ်မှတ်နေရာ၌ ခရေပင်ကို စတင်စိုက်ပျိုးပေးသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ပြင်ဦးလွင်မြို့မြို့တော်ခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ်တွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ရိက္ခာပစ္စည်းများနှင့် ဆိုလာမီးအိမ်များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဆန်အိတ် ၁၀၀၀၊ ဆီပိသာ ၅၀၀၊ ဆားပိသာ ၂၀၀၊ ပဲပိသာ ၂၀၀၊ ငရုတ်သီးခြောက် ပိသာ ၅၀၊ ငါးပိ ပိသာ ၂၀၀၊ ခေါက်ဆွဲခြောက်ဖာ ၃၀၀ နှင့်ဆိုလာမီးအိမ်အလုံး ၃၀ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ဆေးကုသမှုခံယူနေသူ တစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ နှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှု ခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက် ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားစဉ်။



အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက် ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားစဉ်။



တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူ တစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ နှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ဆေးကုသမှုခံယူနေသူ တစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ နှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေး တိုးတက် ကောင်းမွန်မှု အခြေအနေများကို မေးမြန်း အားပေးစကား ပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော်ကောင်စီနယ်မြေဧရိယာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊မွန်ပြည်နယ်၊မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နှင့်ပြည်မြို့တို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်း စစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ဆေးပဒေသာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့်တာဝန်ရှိသူများသည် ဆေးရုံများအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့်အခြေခံပညာကျောင်းများကွင်းဆင်းစစ်ဆေး



နေပြည်တော် ၈လိုင် ၁၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတက္ကသိုလ်သို့ရောက်ရှိပြီး တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံကာ ဆရာ၊ ဆရာမများအနေဖြင့် ဘာသာရပ်ဆိုင်ရာအလိုက် မိမိတို့၏အရည်အသွေးများတိုးတက်စေရေး၊ တက္ကသိုလ်၏အသက်သွေးကြောဖြစ်သော သုတေသနလုပ်ငန်းများတိုးတက်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးပညာရေးဒီဂရီကောလိပ်သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံ၍အမှာစကား ပြောကြားသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးမြို့ စာလေးကွင်း အခြေခံပညာအထက်တန်းကျောင်း၊ ဘုရားသုံးဆူအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ပဲခူးမြို့ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့သို့ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ကျောင်းအုတ်တံတိုင်း ခြံစည်းရိုးများလုံခြုံမှုရှိစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စာသင်ဆောင်အသစ်များဆောက်လုပ်မည့် မြေနေရာရွေးချယ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

အငြိမ်းစားလစာထုတ်ယူမှုအတွက် အသိပေးကြေညာခြင်း

မြန်မာ့စီးပွားရေးဘဏ်သည် အငြိမ်းစားများ၏ ပင်စင်လစာထုတ်ယူရာတွင် ခေတ်မီနည်းပညာအသုံးပြုစိစစ်ဆောင်ရွက်နိုင်ရန်အတွက် Centralized e-Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ ချိတ်ဆက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပေးသော အငြိမ်းစားများ၏ UID နံပါတ်များကို ရယူ၍ အချက်အလက်များကို မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension Program တွင်ထည့်သွင်းရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ မြန်မာ့စီးပွားရေးဘဏ် ၁၇၁ ဘဏ်တွင် UID နံပါတ်ရပြီးသူ အငြိမ်းစားများထံမှ အချက်အလက်များကို ရယူထည့်သွင်းဆောင်ရွက်လျက်ရှိပြီး UID နံပါတ် ရရှိခြင်း မရှိသေးသူများအတွက်လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အသက်အရွယ်၊ ကျန်းမာရေးအခြေအနေနှင့် အခြားအုပ်ချုပ်မှုဆိုင်ရာကိစ္စအခက်အခဲများကြောင့် UID နံပါတ် မရရှိသေးသူများ၏ အငြိမ်းစားလစာများကိုလည်း ယခင်ထုတ်ယူနေကျအတိုင်း မြန်မာ့စီးပွားရေးဘဏ်များတွင် စီစဉ်ထုတ်ပေးလျက်ရှိပါသည်။ ပင်စင်လစာထုတ်ယူရန် အခက်အခဲရှိပါက သက်ဆိုင်ရာဘဏ်ခွဲမန်နေဂျာများထံ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်များ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှု



နေပြည်တော် ၈လိုင် ၁၈

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းပရိဝုဏ်အတွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရေတမာပင်များကို စတင်စိုက်ပျိုးကြပြီး အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ ရေတမာနှင့် ကျွန်းပင် စုစုပေါင်း ၅၁၃ ပင်ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဝန်ကြီးဌာနအနေဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန(ရုံးချုပ်)အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများ၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်များနှင့် သီးပင်စားပင် အမျိုးအစားပေါင်း ၅၄ မျိုး ပျိုးပင်ပေါင်း ၅၂၆၅ ပင်ကို တစ်ချိန်တည်း တစ်ပြိုင်တည်း မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် ဆင်နွှဲစိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဘေးဒဏ်သင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် (၃)တို့ရှိ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်များ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး အားကစားကွင်းစိမ်းလန်းစိုပြည်စေရေးနှင့် ပွဲကြည့်စင် ရေရှည်တည်တံ့စေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ထို့နောက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများ၏ နေထိုင်၊ စားသောက်၊ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အားကစားသမား တစ်ဦးချင်းစီအတွက် တစ်နေ့တာလိုအပ်သည့် ကစီဓာတ်၊ အသားဓာတ်နှင့်အဆီဓာတ်များကိုသတ်မှတ်ကယ်လိုရီပမာဏအတိုင်း အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတအောင် သန့်ရှင်းလတ်ဆတ်သည့် အသီးအရွက်များနှင့် အသားငါးများကို ချက်ပြုတ်ကျွေးမွေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ၈လိုင် ၁၈

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိဝန်ကြီးဌာန၏ သတင်းပြန်ကြားရေးကောင်တာသို့သွားရောက်ပြီး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ အဆင်ပြေချောမွေ့စွာ သွားရောက်လည်ပတ်နိုင်ရေးအတွက် ဝန်ဆောင်မှုပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးသည်ခရီးသွားဆိုင်ရာ သတင်းအချက်အလက်များ ပြည့်စုံစွာ ပြင်ဆင်ထားရှိရေး၊ ကောင်တာသို့လာရောက်သော ခရီးသွားများအား စနစ်တကျစစ်တမ်းကောက်ယူထားရှိရေး၊ တာဝန်ရှိသူများအားမှာကြားပြီး လေဆိပ်အတွင်းပြည်တွင်းပြည်ပခရီးသွားများ ဝင်/ထွက်သွားလာနေမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် မရမ်းခြဲ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန Information Center သို့ သွားရောက်၍ မန္တလေးဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအနက် အပြာရောင်အဆင့်ရှိ အဆောက်အအုံများ၊ အခန်းများအား အမြန်ဆုံးပြုပြင်မွမ်းမံပြီး ခရီးသွားဧည့်သည်များ လက်ခံနိုင်ရေး၊ ဟိုတယ်များအား မြို့တော်အင်္ဂါရပ်နှင့်အညီ ပြုပြင်မွမ်းမံပြီး သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးဌာနမှဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများနှင့် နေ့လယ်စာ အတူတကွ သုံးဆောင်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးရုံးခွဲနှင့် ဝန်ကြီးဌာနပိုင်ရုံးအဆောက်အအုံများကို လည်းကောင်း၊ ဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဟိုတယ်များကိုလည်းကောင်း၊ ငလျင်ဒဏ်ခံရပြီးနောက်ပိုင်း ပွင့်လင်းရာသီကာလအတွက် ဖွင့်လှစ်တော့မည့် မန္တလေးမြို့ရှိဟိုတယ်များကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ဦးပိန်တံတား၌ ပြည်တွင်းပြည်ပခရီးသွားများသွားလာလည်ပတ်နေမှုနှင့်ခရီးသွားများဆွဲဆောင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ မန္တလေးမြို့၏ ခရီးသွားဆွဲဆောင်ရာ နေရာတစ်ခုဖြစ်သော မန္တလေးတောင်သို့ ဘုရားဖူးခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ဘုရားဖူးလာရောက်နိုင်ရေးအတွက် စီစဉ်ထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရတနာဒီပရပ်ကွက်၊ ကြာအင်းတောင်ပေါ်လမ်း၊ အိမ်အမှတ် [၉/၃၄(A)]တွင် ပါတီရုံးချုပ်တည်ရှိသော **ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၅-၇-၂၀၂၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ၏ အလံပုံစံ



ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ၏ တံဆိပ်ပုံစံ



၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း (၁-၇-၂၀၂၅ ရက်မှ ၁၅-၇-၂၀၂၅ ရက်အထိ) ဝန်းကျင်လေထု အရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2) ၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	ဆာလဖာဒိုင် အောက်ဆိုဒ်	နိုက်ထရိုဂျင် ဒိုင်အောက် ဆိုဒ်	အိုဇုန်း	ကာဗွန် မိုနောက် ဆိုဒ်
၁	**နေပြည်တော်**						
	၁ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်	လက်ခံနိုင်သော	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်
	၂ ပုဇွန်သီရိမြို့နယ်၊ နေပြည်တော်	ကောင်းမွန်					
၂	**ရန်ကုန်တိုင်းဒေသကြီး**						
	၁ ဒိုလ်တထောင်မြို့နယ်	ကောင်းမွန်					
	၂ သာကေတမြို့နယ်	ကောင်းမွန်					
၃	**မန္တလေးတိုင်းဒေသကြီး**						
	၁ အမရပူရမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂ အောင်မြေသာစံမြို့နယ်	လက်ခံနိုင်သော	ကောင်းမွန်				
	၃ ပုသိမ်ကြီးမြို့နယ်	လက်ခံနိုင်သော	ကောင်းမွန်				
	၄ ညောင်ဦးမြို့	–	ကောင်းမွန်				
	၅ ကျောက်ဆည်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၆ ပြင်ဦးလွင်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၇ မတ္တရာမြို့နယ်	ကောင်းမွန်					
	၈ မိတ္ထီလာမြို့	ကောင်းမွန်					
၄	**စစ်ကိုင်းတိုင်းဒေသကြီး**						
	၁ စစ်ကိုင်းမြို့	ကောင်းမွန်					
	၂ မုံရွာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၅	**တနင်္သာရီတိုင်းဒေသကြီး**						
	၁ ထားဝယ်မြို့	–	ကောင်းမွန်			–	ကောင်းမွန်
	၂ ကော့သောင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်	–	–	–	
၆	**ပဲခူးတိုင်းဒေသကြီး**						
	၁ ပဲခူးမြို့	လက်ခံနိုင်သော	ကောင်းမွန်				

စဉ်	ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	ဆာလဖာဒိုင် အောက်ဆိုဒ်	နိုက်ထရိုဂျင် ဒိုင်အောက် ဆိုဒ်	အိုဇုန်း	ကာဗွန် မိုနောက် ဆိုဒ်
၇	**မကွေးတိုင်းဒေသကြီး**						
	၁ မကွေးမြို့	ကောင်းမွန်					–
	၂ သရက်မြို့	–	ကောင်းမွန်	–	ကောင်းမွန်		–
၈	**ရောဝတီတိုင်းဒေသကြီး**						
	၁ ပုသိမ်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
၉	**ကရင်ပြည်နယ်**						
	၁ ဘားအံမြို့	ကောင်းမွန်					
	၂ မြဝတီမြို့	ကောင်းမွန်		ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်		ကောင်းမွန်	
၁၀	**မွန်ပြည်နယ်**						
	၁ မော်လမြိုင်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂ သထုံမြို့	ကောင်းမွန်					
၁၁	**ရှမ်းပြည်နယ်**						
	၁ တောင်ကြီးမြို့	–	–	ကောင်းမွန်		–	–
	၂ ကျိုင်းတုံမြို့	လက်ခံနိုင်သော	–	–	–	–	–
	၃ တာချီလိတ်မြို့	ကောင်းမွန်	–	–	–	–	–
	၄ မိုင်းဆတ်မြို့	–	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

0-50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51-100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101-150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151-200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201-300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301-500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

မုတ်သုံးလေ အားအသင့်အတင့်ရှိနေ

နေပြည်တော် ဇူလိုင် ၁၈

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံးလေအား အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံးလေအား အားအသင့်အတင့်ရှိနေသည်။ (မိုး/၈လ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

“မြန်မာ့တန်ဖိုး... မြန်မာ့အနာဂတ်” (Myanmar’s Value – Myanmar’s Future)

ယမန်နေ့မှအဆက်

ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုး

ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးသည် မြန်မာနိုင်ငံ၏အသက်သွေးကြောနှင့် ဝိညာဉ်ပင်ဖြစ်သည်။ ယင်းသည် အတိတ်ကရဲရင့်သောစွန့်လွှတ်အနစ်နာခံမှုများ၊ ပစ္စုပ္ပန်၏ ကြီးမားသောစိန်ခေါ်မှုများအပေါ်ကျော်လွှားနိုင်မှုများနှင့်အနာဂတ်အတွက် လုပတင့်တယ်သောမျှော်လင့်ချက်များကို ကိုယ်စားပြုသည်။ ပြည်ထောင်စုဟူသည် နိုင်ငံတစ်ဝန်းလုံးရှိလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံတို့၏ ညီညွတ်မှု၊ စည်းလုံးမှု၊ ဂုဏ်သိက္ခာနှင့် တည်တံ့ခိုင်မြဲရေးအတွက် မရှိမဖြစ်အခြေခံအုတ်မြစ်ကြီးတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ပထဝီအနေအထား အရမတူကွဲပြားသော တောတောင်ရေမြေသဘာဝအနေအထားများနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား အသွေးအရောင်၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှုများ ကွဲပြားကြသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသော ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများပင်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်သည် ညီညွတ်ခြင်း၏အင်အားကိုပြသပြီး နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူခဲ့သည့် သမိုင်းကြောင်းမှသည် ယနေ့နိုင်ငံတစ်ဝန်း ခိုင်မာသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် သဘာဝဘေးဒဏ်ကြီးများမှ ပြန်လည်ရုန်းထရေးအထိ ပြည်ထောင်စုစိတ်ဓာတ်ခွန်အားဖြင့် ချီတက်လျှောက်လှမ်းရန်လိုအပ်မည်ဖြစ်သည်။ ဤတန်ဖိုးကြီးကိုထိန်းသိမ်းရန်နှင့် အကောင်အထည်ဖော်ရန်မှာ အစိုးရတစ်ရပ်တည်း၏တာဝန်သာမက နိုင်ငံသားတိုင်း၊ လူမှုအဖွဲ့အစည်းတိုင်း၊ တိုင်းရင်းသားတိုင်း၏တာဝန်ဝတ္တရားများဖြစ်သည်။











■ ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးသည် မြန်မာနိုင်ငံ၏အသက်သွေးကြောနှင့် ဝိညာဉ်ပင်ဖြစ်သည်။ ယင်းသည် အတိတ်က ရဲရင့်သောစွန့်လွှတ်အနစ်နာခံမှုများ၊ ပစ္စုပ္ပန်၏ ကြီးမားသောစိန်ခေါ်မှုများအပေါ် ကျော်လွှားနိုင်မှုများနှင့် အနာဂတ်အတွက် လုပတင့်တယ်သောမျှော်လင့်ချက်များကို ကိုယ်စားပြုသည်။

တစ်သားတည်းရှိသောစိတ်၊ မိသားစုသဖွယ် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရေရှည်အကျိုးစီးပွားကို တည်ဆောက်ခြင်းဖြစ်သည်။ ထိုသို့တည်ဆောက်ရာတွင် နိုင်ငံတော်အတွင်း ကြုံတွေ့ရင်ဆိုင်လာသည့် မည်သည့်အခက်အခဲများမဆို ပြည်ထောင်စုစိတ်ဓာတ်များဖြင့် ပူးပေါင်းဖြေရှင်းကျော်လွှားကြရမည်ဖြစ်သည်။

အစမ်းသပ်ခံ မြန်မာ့တန်ဖိုး

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် တာဝန်ယူကျင်းပခဲ့သည့် အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်တို့သည် မဲဆန္ဒရှင်စာရင်းကို မမှန်ကန်သောနည်းလမ်းများဖြင့် မဲအရေအတွက်တိုးမြှင့်ခဲ့ခြင်း၊ အချို့သည်တို့ကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အာဏာကို မတရားနည်းဖြင့်ရယူရန် ကြိုးပမ်းခဲ့ကြသည်။ ဤအခြေအနေတွင် မြန်မာ့တပ်မတော်အနေဖြင့် အခြေခံဥပဒေအရ ပဋိပက္ခများကြောင့်ဖြစ်ပေါ်လာသည့် နိုင်ငံရေးမတည်ငြိမ်မှုများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးစားထိန်းသိမ်းဆောင်ရွက်ကာ ရှေ့လုပ်ငန်းစဉ်များ ပုဒ်မ ၄၁၇ အရ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ဒီမိုကရေစီစနစ်ကို ကာကွယ်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးတာဝန်များကို လက်လွှဲယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

တစ်ပြိုင်နက်တည်းတွင်ပင် ပယောဂမကင်းသော မူဝါဒကွဲပြားမှုများ၊ လူမျိုးရေးကွဲပြားမှုများ၊ နိုင်ငံရေးစနစ်ကွဲပြားမှုများကိုပုံကြီးချဲ့ပြီး ပဋိပက္ခပုံမိုကြီးထွားအောင် ဆောင်ရွက်နေကြသည်ကိုလည်း မြင်တွေ့နေရသည်။ နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေးစိန်ခေါ်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲနေသော အင်အားစုများကြောင့် အတိုင်း မဆုတ်မနစ်ချီတက်လျက်ရှိသည်။ သို့ရာတွင်အမျိုးမျိုးသောသွေးထိုးလှုံ့ဆော်အားပေးအားမြှောက်မှုများကြောင့် ယနေ့ထက်တိုင် အကျိုးဆက်အနေဖြင့် ပြည်သူလူထု၏စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအပေါ်အနည်းနှင့်အများ ထိခိုက်စေခဲ့သည်။ တစ်နည်းဆိုရသော် အခြေအနေအရပ်ရပ်ကြားတွင် မြန်မာ့တန်ဖိုးစံနှုန်းများ ဆေးရေးမှေးမှိန်ခဲ့ရသည်။

နိုင်ငံရေးမတည်ငြိမ်မှုနှင့်အတူ မြန်မာနိုင်ငံ၏ခံနိုင်ရည်နှင့် ပြန်လည်ထူထောင်ရေးစွမ်းရည်ကိုစမ်းသပ်ခဲ့သည့် ပြင်းထန်သင့်ဒေသများမှ ပြည်သူများ၏လူမှုစီးပွားဘဝများ၊ အခြေခံအဆောက်အဦ၊ လမ်း၊ တံတားအပါအဝင် အမြတ်တနိုးတန်ဖိုးထားကိုးကွယ်ရာဖြစ်သည့် ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ ပုထိုးတွေများစွာ မြေလဲပြိုခဲ့ရမှုအပေါ် နိုင်ငံသားများအနေဖြင့် ယူကျုံးမရ မျက်ရည်မဆည်နိုင်ဖြစ်ခဲ့ကြရသည်။ ဤသည်မှာလည်း သဘာဝတရားကြီးက မြန်မာ့တန်ဖိုးများအပေါ် စမ်းသပ်လိုက်ခြင်းပင်ဖြစ်သည်။

ငလျင်လှုပ်ခတ်ပြီးချိန်မှစ၍ နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့များသည် ချက်ချင်းလှုပ်လှည့်လည်ကြည့်ရှုကာ ပျက်စီးမှုဒဏ်သင့် **စာမျက်နှာ ၁၂ သို့ ➤**

မောင်မိုး

သောသဘာဝဘေးအန္တရာယ်များကိုလည်း ကြုံတွေ့ခဲ့ရသည်။ ယနေ့မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာသည့် အစွန်းရောက် ရာသီဥတုဖြစ်စဉ်များကို ကမ္ဘာနိုင်ငံအားလုံးက ရင်ဆိုင်တွေ့ကြုံနေရပြီး မြန်မာနိုင်ငံမှာလည်း ၂၀၂၃ ခုနှစ် မေလမှာ မိုခါမုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ ရာဂီမုန်တိုင်း၏အကြွင်းအကျန်တိမ်တိုက်များကြောင့် ရေကြီးရေလျှံဘေးများကို ရင်ဆိုင်ကျော်လွှားခဲ့ကြရသည်။

ထို့အတူ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက် မွန်းလွဲပိုင်း၌ အင်အား ၇ ဒသမ ၇ ရစ်(ခ်) တာစကေးရှိ လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အယုတ်အလတ်အမြတ် မရွေး၊ ဆင်းရဲချမ်းသာမရှိ၊ လူမျိုးဘာသာ အသွေးအရောင်မခွဲခြား၊ အသက်အရွယ်





ခဲ့ပြီး ငလျင်ဒဏ်သင့်ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာခွန်အားများ ရရှိစေခဲ့သည်။

“၇ ဒသမ ၇ ရစ်(ခ်)တာစကေး ပြင်းအားရှိ ငလျင်ကြီးသည် အုတ်၊ သဲ၊ ကျောက်၊ သံမဏိများနဲ့ အခိုင်အမာ တည်ဆောက်ထားရှိတဲ့ လမ်း၊ တံတား၊ အဆောက်အအုံတွေကို အတုံးအရုံး လဲကျအောင် ဖြိုလဲနိုင်ခဲ့ပေမယ့် မြန်မာတို့ရဲ့စိတ်ဓာတ်ကိုတော့ ယိမ်းယိုင်လဲကျသွားအောင် လူပ်ခတ်မစွမ်းဆောင်နိုင်ခဲ့ပါဘူး”

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို စတင်ခဲ့သည်။





➤ စာမျက်နှာ ၁၁ မှအဆက်

ဒေသများသို့ အရေးပေါ်အကူအညီများ ပေးပို့ခဲ့ပြီး ပြည်တွင်းနှင့်နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ ပိတ်မိနေသူများကို အမြန်ဆုံး ကယ်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ဒုက္ခသည်များအား ယာယီခိုလှုံရန် စခန်းများဖွင့်လှစ်ပေးခဲ့ခြင်းနှင့် အတူပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်လိုက်စနစ်တကျဆောင်ရွက်ခဲ့ရာ ပထမအဆင့်တွင် ပျက်စီးသောလမ်းများ၊ တံတားများနှင့်အခြေခံအဆောက်အဦများကို အရေးပေါ်ပြုပြင်မှုများပြုလုပ်ခဲ့ပြီး ဒုတိယအဆင့်တွင် ဆက်သွယ်ရေးလိုင်းများ၊ လျှပ်စစ်နှင့်ရေသွယ်စနစ်များကို ပြန်လည်ဖော်ဆောင်ခဲ့သည်။ တတိယအဆင့်အနေဖြင့် အန္တရာယ်ရှိအဆောက်အအုံများကိုဖြိုဖျက်ကာ ရေရှည်တည်တံ့သော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စတင်ခဲ့သည်။

အာဆီယံနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှအကူအညီများကို လက်ခံရယူကာ နည်းပညာ၊ ကျွမ်းကျင်မှုနှင့်ငွေကြေးအထောက်အပံ့များရရှိအောင် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာမီဒီယာများတွင်မြန်မာပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းကို မီးမောင်းထိုးပြခဲ့သည်။ ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးအတွက် လျင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများတည်ဆောက်ရန် စဉ်ဆိုက်စီညွှန်းများ ပြန်လည်သတ်မှတ်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာလူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းများပို့ချခဲ့သည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်တည်ဆောက်ရာတွင် ပြည်သူများ၏စိတ်ဓာတ်ကိုမြှင့်တင်ပေးများကို အမြန်ဆုံးပြန်လည်ကုစားရန်နှင့် အနာဂတ်တွင် ပိုမိုကောင်းမွန်သောလူမှုစီးပွားစနစ်ကိုတည်ဆောက်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဆက်လက်ဖော်ပြပါမည်

ကမ္ဘာ့သတင်းမီဒီယာကောင်စီအစည်းအဝေးသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ တက်ရောက်



နေပြည်တော် ဇူလိုင် ၁၈


တန်ဇန်းနီးယားနိုင်ငံ Arusha မြို့တွင် ဇူလိုင်လ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် ကမ္ဘာ့သတင်းမီဒီယာကောင်စီ (WAPC) (World Association of Press Councils) ၏ အထွေထွေအစည်းအဝေးနှင့် 2nd Pan-African Media Councils' Summit 2025 ညီလာခံသို့ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး တက်ရောက်ဆွေးနွေးခဲ့သည်။

ယင်းညီလာခံသို့ တန်ဇန်းနီးယားနိုင်ငံ ဒုတိယသမ္မတ Dr. Philip Isdor Mpango နှင့် ဝန်ကြီးများ၊ အာဖရိက၊ အာရှနှင့်ဥရောပတိုက်တို့ရှိ နိုင်ငံပေါင်း ၃၀ ခန့်မှ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အိမ်ရှင်နိုင်ငံမှ သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြ၍ ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားသည်။ အခြားသော ကမ္ဘာ့သတင်းမီဒီယာကောင်စီဝင်များနှင့်အတူ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးကလည်း မြန်မာနိုင်ငံမီဒီယာလောကနှင့် သတင်းမီဒီယာကောင်စီ၏ အခန်းကဏ္ဍကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ယင်းညီလာခံတွင် ကမ္ဘာနှင့် အာဖရိကတိုက်နိုင်ငံများ၌ သတင်းမီဒီယာသမားများအတွက် သတင်းမီဒီယာဆိုင်ရာကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ရေး၊ ကျင့်ဝတ်နှင့်ညီညွတ်၍ တာဝန်ယူမှုတာဝန်ခံမှုရှိသော သတင်းမီဒီယာသမားများအတွက် စာနယ်ဇင်းလွတ်လပ်ခွင့်ရရှိစေရေး၊ သတင်းတုသတင်းမှားများ လျော့နည်းပပျောက်စေရေးနှင့် AI (Artificial Intelligence) နည်းပညာကို မီဒီယာကဏ္ဍတွင် စနစ်တကျအသုံးချနိုင်စေရေး စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဇူလိုင်လ ၁၇ ရက်တွင် နိုင်ငံတကာမှ တက်ရောက်လာကြသူများအား Arusha National Park အမျိုးသားသဘာဝဥယျာဉ်သို့ လေ့လာရေးခရီးပို့ပေးခဲ့သည်။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့်အတူ ကောင်စီအတွင်းရေးမှူး ဦးအေးချမ်းလည်းတက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ



(၇၈)နှစ်မြောက် အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

မြန်မာ့သမိုင်းစာမျက်နှာကို နှလုံးသွေးဖြင့် ရေးခဲ့ကြသူများ

ပျောက်သောသူရှာရင်တွေ့၊ သေသောသူကြောလျှင်မေ့ဟူသောဆိုရိုးစကားရှိခဲ့သော်လည်း မြန်မာပြည်သူတို့နှလုံးအိမ်အတွင်းဝယ် ယနေ့တိုင်မှေးမှိန်မသွား မေ့မရနိုင်သူများ ရှိခဲ့သည်။ ထိုသူတို့မှာ မြန်မာ့သမိုင်းစာမျက်နှာကို နှလုံးသွေးဖြင့်ရေးခဲ့သည့်အာဇာနည်ပုဂ္ဂိုလ်များပင်ဖြစ်သည်။

အာဇာနည်ဟူသည် ပါဠိဝေါဟာရအာဇာနေယျမှ ဆင်းသက်လာခြင်းဖြစ်သည်။ မြန်မာအဘိဓာန်တွင် အာဇာနည်၏အဓိပ္ပာယ်ကို အကြောင်းဟုတ်၊ မဟုတ် ကောင်းစွာသိသောသူ သာမန်ထက်လက်ရုံးရည်၊ နှလုံးရည်ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူဟု ဖော်ပြထားသည်။ အာဇာနည်ပုဂ္ဂိုလ်ဆိုသည်မှာ ကိုယ်ကျိုးမဖက်အနစ်နာခံခြင်း၊ အမျိုးဘာသာသာသနာအတွက် စွန့်လွှတ်အနစ်နာခံခြင်း၊ တိုင်းပြည်အတွက် အရိုးကြေကြေ အရေခန်းခန်း အသက်ကိုပင်ပဓာနမထားဘဲ ရွှပ်ရွှပ်ခွံ့ခွံ့ဆောင်ရွက်ခြင်း၊ အမှန်တရားအတွက် လူထုရှေ့သို့ထွက်၍ မားမားမတ်မတ်ရပ်တည် တာဝန်ခံပေးခြင်း၊ အရာရာကိုလမ်းညွှန်ပြသဦးဆောင်နိုင်ခြင်း၊ ပြည်သူလူထုအကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ပြည့်စုံခြင်း၊ စည်းကမ်းလိုက်နာခြင်းစသည့် အရည်အချင်းများနှင့် ပြည့်စုံသူများဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများသည် ထိုအရည်အချင်းများနှင့် ပြည့်စုံသူများဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအကျိုးစီးပွားအတွက် မိမိအသက်ကို ပဓာနမထားဘဲ လုပ်သင့်လုပ်ထိုက်သည့်အလုပ်ကို ရဲရဲရင့်ရင့် ယုံယုံကြည်ကြည်လုပ်ကိုင်ကြရင်း အသက်ကို စွန့်လွှတ်သွားကြသည့် အာဇာနည်ပုဂ္ဂိုလ်များဖြစ်ကြသည်။

အာဇာနည်နေ့ဖြစ်ပေါ်လာပုံ

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းတွင် သမိုင်းဝင်နေ့ထူးနေ့မြတ်များရှိကြမည်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အမျိုးသားနေ့စသဖြင့် ဂုဏ်ယူဖွယ်ရာအမှတ်တရနေ့များစွာရှိသည့်အနက် အာဇာနည်နေ့သည် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်ကြီးများ၏အသက်ကိုလုပ်ကြံခံရ၍ တစ်တိုင်းပြည်လုံး ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်ဆိုးကြီးနှင့် ရင်ဆိုင်ကြုံတွေ့ရသောနေ့ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်စနေနေ့(မြန်မာသက္ကရာဇ် ၁၃၀၉ ခု၊ ဝါခေါင်လဆန်း ၂ ရက်) နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် နယ်ချဲ့အလိုတော်ရိမသမာသူတို့၏လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ခေါင်းဆောင်ကြီးကိုးဦးတို့ ကျဆုံးခဲ့ကြရသည်။

ဗိုလ်ချုပ်နှင့်ခေါင်းဆောင်ကြီးများသည်တိုင်းပြည်လွတ်လပ်ရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေချိန်၊ မြန်မာပြည်လွတ်လပ်ရေးရခါနီးဆဲဆဲအချိန်တွင် ယခုကဲ့သို့ လုပ်ကြံခံရခြင်းဖြစ်သည်။

ထိုလုပ်ကြံမှုကြီးကြောင့် တိုင်းပြည်အတွက် အစားထိုးမရနိုင်သည့်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည်။ မြန်မာပြည်သူပြည်သားများအတွက် လွတ်လပ်ရေးရောင်ခြည်သန်းလာ၍ ပျော်ရွှင်ကြည်နူးရမည့်အစား ကြေကွဲဝမ်းနည်းမှုများဖြင့်သာ ကြုံတွေ့ခဲ့ရသည်။

တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်လွှတ်သွားကြသည့် အာဇာနည်ပုဂ္ဂိုလ်ကြီးများကို ပြည်သူတို့၏ရင်ထဲနှလုံးသားထဲတွင် အမြဲသတိရလွမ်းဆွတ်တမ်းတလျက်ရှိသည်။ ကျဆုံးခဲ့သောအာဇာနည်ခေါင်းဆောင်ကြီးများ၏ဂုဏ်ကျေးဇူးကို အစဉ်သတိရနေစေရန်နှင့် ထိုသူတို့၏စွန့်လွှတ်အနစ်နာခံတတ်သောစိတ်ဓာတ်ကို အတုယူအားကျစေရန် နှစ်စဉ်ဇူလိုင်လ ၁၉ ရက်နေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။

အာဇာနည်နေ့ရောက်တိုင်း နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများက အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းဆွတ်သတိရဦးညွတ်အလေးပြုကြသည်။ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်တွင် ဗိုလ်ချုပ်နှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုခြင်း၊ လွမ်းသူ့ပန်းခွေချခြင်းအခမ်းအနားကို နိုင်ငံတော်က ကြီးမှူးကျင်းပပေးခြင်း၊ တစ်နိုင်ငံလုံးရှိရုံးများ၊ ကျောင်းများ၊ အိမ်များ၊ အဆောက်အအုံများရှေ့တွင် နိုင်ငံတော်အလံကို တိုင်တစ်ဝက်လွှင့်ထူပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်ကို ပြသခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများလုပ်ကြံခံရသော နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥဩဆွဲကာ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို ဂါရဝပြုအလေးပြုခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းအမျှပေးဝေခြင်းများကို ပြုလုပ်ပေးကြသည်။

၁၉ ဇူလိုင် မမေ့နိုင်ဆိုသည့်အတိုင်း မြန်မာပြည်လွတ်လပ်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ရင်း တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကို စွန့်လွှတ်သွားကြသည့် အာဇာနည်ပုဂ္ဂိုလ်ကြီးများကို အစဉ်အောက်မေ့လွတ်လပ်ရေးရသည်ကို မြင်မသွားရသော်လည်း သူ၏ကတိစကားအတိုင်း မြန်မာ့လွတ်လပ်ရေးကို တစ်နှစ်အတွင်းရအောင်ယူပေးနိုင်ခဲ့သည်။ ဗိုလ်ချုပ်သည် လွတ်လပ်ရေးကိုအရယူပေးခဲ့ရုံမျှမက လွတ်လပ်ရေးရပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်ရပ်တည်နိုင်ရန် မိန့်ခွန်းများဖြင့် အမြော်အမြင်ကြီးစွာ သတိပေးလမ်းညွှန်ခဲ့သည်။

ထို့ကြောင့် ဗိုလ်ချုပ်နှင့်အာဇာနည်ခေါင်းဆောင်ကြီးများကို ချစ်ခင်

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းတွင် သမိုင်းဝင်နေ့ထူးနေ့မြတ်များရှိကြမည်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အမျိုးသားနေ့စသဖြင့် ဂုဏ်ယူဖွယ်ရာအမှတ်တရနေ့များစွာရှိသည့်အနက် အာဇာနည်နေ့သည် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်ကြီးများ၏အသက်ကို လုပ်ကြံခံရ၍ တစ်တိုင်းပြည်လုံး ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်ဆိုးကြီးနှင့် ရင်ဆိုင်ကြုံတွေ့ရသောနေ့ဖြစ်သည်။

သတိရလျက် အာဇာနည်နေ့အခမ်းအနားကိုကျင်းပလာခဲ့သည်မှာ ယခုနှစ် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်ဆိုလျှင် (၇၈)နှစ်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။

မေ့မရနိုင်သောထိုနေ့

ထိုနေ့သည် ဇူလိုင်လ ၁၉ ရက် စနေနေ့ဖြစ်သည်။ ဝါခေါင်လမိုးရာသီကာလဖြစ်သောကြောင့် ကောင်းကင်တစ်ခွင် တိမ်ညိုတိမ်မည်းတို့က အုံ့ဆိုင်းညို့မှိုင်းကာ ပြိုမယောင်ငိုတော့မည့်အသွင်ဖြင့် နေ့တစ်နေ့၏အလွမ်းဇာတ်ကို ကြိုတင်သိရှိခံစားနေသယောင်ထင်ရလေသည်။ ထိုနေ့နံနက် ၁၀ နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်ကြီးများသည် မြန်မာပြည်လွတ်လပ်ရေးအတွက် အရေးပေါ်အစည်းအဝေးတိုင်ပင်ဆွေးနွေးနေချိန်လည်းဖြစ်သည်။ နေရာမှာ ရန်ကုန်မြို့သိမ်ဖြူလမ်း ဝန်ကြီးများရုံးအတွင်းရှိ ဗိုလ်ချုပ်၏ ရုံးခန်းတွင်း၌ဖြစ်သည်။ ဗိုလ်ချုပ်နှင့်ဝန်ကြီးများသည် မြန်မာပြည်လွတ်လပ်ရေးရပြီးပါက အနာဂတ်တွင်လုပ်ဆောင်ရမည့်တာဝန်များနှင့်လုပ်လက်စတွေ့ကြုံနေရသည့်အခက်အခဲများကို ဆွေးနွေးတိုင်ပင်နေကြသည်။ ထိုသို့ဆွေးနွေးနေစဉ် ၁၀ နာရီခွဲပြီး သုံးလေးမိနစ်ခန့်အကြာတွင် သေနတ်ကိုင်လူတစ်စုသည် ခန်းမအတွင်းဝင်ရောက်လာပြီး ဗိုလ်ချုပ်နှင့် ခေါင်းဆောင်ကြီးများကို ရက်ရက်စက်စက်လုပ်ကြံပစ်ခတ်ထွက်ပြေးခဲ့ကြသည်။ ရက်စက်လှသော နိုင်ငံတော်လုပ်ကြံမှုကြီးကြောင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၊ မန်းဘခိုင်၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့ ကျဆုံးခဲ့ကြရသည်။ ဇူလိုင်မိုးနှင့်အတူ တစ်နိုင်ငံလုံးမျက်ရည်မိုးများ ဖြိုင်ဖြိုင်ရွာသွန်းခဲ့သည့်မေ့မရနိုင်သော နေ့တစ်နေ့ဖြစ်ခဲ့ရသည်။

ထိုသို့တစ်တိုင်းတစ်ပြည်လုံး မမေ့နိုင်ဖြစ်ခဲ့ကြရသည့် ၁၉ ဇူလိုင်ဖြစ်စဉ်ကြီးသည် ကြေကွဲဝမ်းနည်းနေရုံမျှနှင့်မပြီးပေ။ နိုင်ငံ့ခေါင်းဆောင်ကြီးများသွေးမြေကျခဲ့ရသည့် အာဇာနည်နေ့ရောက်တိုင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးကိုသတိရလျက် ဦးညွတ်အလေးပြုကြရမည်ဖြစ်သလို ထိုသူတို့၏နိုင်ငံနှင့်လူမျိုးအတွက် ထားရှိခဲ့ကြသော စိတ်ဓာတ်၊ စွမ်းရည်၊ အရည်အချင်းနှင့် ကြိုးပမ်းအားထုတ်မှုများကို အတုယူကြရမည်ဖြစ်သည်။

ဗိုလ်ချုပ်တို့ကျဆုံးပြီး ငါးလကြာ ၁၉၄၈ ခုနှစ် ဧနှစ်ဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်။ ဗိုလ်ချုပ်သည် နိုင်ငံလေးစားသည်ဆိုပါက ဗိုလ်ချုပ်တို့မကျဆုံးမီ အချုပ်အခြာအာဏာဆုံးရှုံးနေသည့်နိုင်ငံကို အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ရောက်ရှိအောင် ကြိုးပမ်းခဲ့ကြပုံများ၊ လွတ်လပ်ရေးတိုက်ပွဲကာလအတွင်း အမျိုးသားခေါင်းဆောင်ကြီးများ၏ပြုမူဆောင်ရွက်ခဲ့ပုံများ၊ လမ်းညွှန်မှာကြားခဲ့သည်များကို ပြန်လည်အောက်မေ့သတိရဆင်ခြင်ကြရမည်ဖြစ်သည်။ ထို့ပြင် အာဇာနည်ခေါင်းဆောင်ကြီးများ အသက်၊ သွေး၊ ချွေးတို့ဖြင့်ရယူပေးခဲ့သောလွတ်လပ်ရေးကို တန်ဖိုးထားကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

အချုပ်ဆိုရသော် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါ်ပေါက်လာခဲ့သော နိုင်ငံရေးအယူအဆကွဲပြားမှုများနှင့် အာဏာကိုရယူလိုသည့်အကျိုးဆက်များကြောင့် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် နိုင်ငံ့ခေါင်းဆောင်ကြီးများ ဆုံးရှုံးခဲ့ရသည်။

သမိုင်းမှပေးသောသင်ခန်းစာကိုယူ၍ အချုပ်အခြာအာဏာပိုင်ဖြစ်သော မိမိတို့နိုင်ငံကို အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့ အတူတကွလက်တွဲ၍ ထိန်းသိမ်းကာကွယ်သွားကြရမည်ဖြစ်သည်။ သို့ဖြစ်၍ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သက်ရှိထင်ရှားရှိနေစဉ်က မိန့်ကြားခဲ့သော မိန့်ခွန်းများအား လမ်းညွှန်ခံယူ၍ မျက်မှောက်ကာလနှင့်အနာဂတ်တွင် ပိုမိုတိုးတက်ကောင်းမွန်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးကို ဝိုင်းဝန်းကြိုးပမ်းအားထုတ်လုပ်ကိုင်ကြရမည်ဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများ မရှိတော့သော်လည်း ထိုသူတို့၏အပြုအမူစိတ်ထားများ၊ လုပ်ရည်ကိုင်ရည်များ၊ စွမ်းဆောင်ရည်များ၊ အတွေးအခေါ်များနှင့် ကျေးဇူးတရားများကို အစဉ်အောက်မေ့ကာ ပြည်သူအားလုံးက လိုက်နာကျင့်ကြံအားထုတ်ကြရမည်ဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများအသက်သွေးချွေးများပေးဆပ်၍ ရရှိခဲ့သော အမိနိုင်ငံတော်ကြီး၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကမ္ဘာတည်သရွေ့ခိုင်မာစေရန် နိုင်ငံသားအားလုံးက သမိုင်းပေးတာဝန်အဖြစ် ကျေပွန်စွာဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရင်း (၇၈)နှစ်မြောက် အာဇာနည်နေ့ကို ဦးညွတ်ဂုဏ်ပြုလိုက်ရပါတော့သည်။ ။

မယ်ထွေးလေး

နိုင်ငံတစ်ဝန်း လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်တင်ပြလာသည့်ကိစ္စရပ်များကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၅) ကြိမ်မြောက်အစည်းအဝေးဦးဆွေးနွေး



နေပြည်တော် ဇူလိုင် ၁၈

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၅) ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်က မိမိတို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော မြေယာမူဝါဒများကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်ကြောင်း။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ စိစစ်၍ ထောက်ခံတင်ပြလာသည့် လယ်မြေကို အခြားနည်းဖြင့်အသုံးပြုခွင့် ခွင့်ပြုပါရန် လုပ်ငန်းစာတွဲများကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏လယ်ယာမြေကိုခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့်အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြလုပ်ထုံးလုပ်နည်း (SOP)နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ စိစစ်အတည်ပြုပေးခြင်းကို ဆောင်ရွက်ရန်ဖြစ်ကြောင်း။

သို့ပါ၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်အားလုံးအနေဖြင့် ယခုအစည်းအဝေးတွင်တင်ပြမည့် နိုင်ငံတစ်ဝန်း လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် တင်ပြလာသည့်ကိစ္စရပ်များ၊ အခြားသောကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့ဌာနဆိုင်ရာလုပ်ငန်းရှုထောင့်များမှ ပွင့်ပွင့်လင်းလင်းဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးစိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တွဲများကိုတင်ပြရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းကို စိစစ်ဆောင်ရွက်ခဲ့ကြပြီး သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ စိစစ်တင်ပြလာသော လယ်ယာမြေစီမံခန့်ခွဲရေးနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

၂၀၂၅ ခုနှစ်၊ (၃၁)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ပြုလုပ်

နေပြည်တော် ဇူလိုင် ၁၈

၂၀၂၅ ခုနှစ်၊ (၃၁)ကြိမ်မြောက်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေ ပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၊ အားကစားခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား နယ်မြေခံလေတပ်ကွပ်ကဲမှုဌာနချုပ်၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်မောင်စိုးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား နယ်မြေခံလေတပ်ကွပ်ကဲမှုဌာနချုပ်၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်မောင်စိုး တံခွန်စိုက်ဒိုင်းဆုရရှိသည့် နမ့်စန်လေတပ်စခန်းဌာနချုပ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုရရှိသည့် နမ့်စန်လေတပ်စခန်းဌာနချုပ် အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ဗိုလ်မှူးချုပ်မောင်မောင်စိုးကလည်းကောင်း တံခွန်စိုက်ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲကိုကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကွပ်ကဲမှုအောက်လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း(၁၂)သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

မိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/၉လ)

(၇၈)နှစ်မြောက် အာဇာနည်နေ့ ဂုဏ်ပြုကဗျာ

အာဇာနည်များ ထိုလမ်းစဉ်

❖ တစ်ပါးသူ့ကျွန်၊ ဆိုးညစ်နွံမှ
လွန်မြောက် ဘေးကင်း၊ လွတ်လပ်ခြင်းကို
ဆောင်ကြဉ်းပေးအပ် ခဲ့သူများ။

❖ အမိပြည်အတွက်၊ ခန္ဓာ အသက်ကို
ရက်ရက်မရွံ့၊ နောက်မတွန့်ဘဲ
စွန့်လွှတ်ပေးဆပ် ခဲ့သူများ။

❖ အချုပ်အခြာ၊ ပဲ့မကွာအောင်
မှန်စွာ မြော်မြင်၊ အသိယှဉ်လျက်
ဆင်ခြင်စောင့်ရှောက် ခဲ့သူများ။

❖ နိုင်ငံ လူမျိုး၊ ဘုံအကျိုးကို
တိုးတက်စေရန်၊ ဆန္ဒမှန်ဖြင့်
ကြံဆကြိုးပမ်း နေသူများ။

❖ သြော်.. မြန်မာ့ရာဇဝင်၊ သမိုင်းစဉ်ဝယ်
ရှင်သန်ထာဝရ၊ ရှိနေကြမည့်
အာဂ စိတ်ဓာတ်၊ မြင့်မြတ် ဂုဏ်ရည်
အလီလီနှင့်
အာဇာနည်များ၊ စွမ်းပကားကို
လေးစား ချစ်ခင်၊ တွေးမြင် တမ်းတ
ရှိကြရုံမျှ၊ သာမကဘဲ
အားကျစံနမူ၊ အတုယူကာ
များလူ စွမ်းဆောင် နိုင်ပါလျှင်။
အာဇာနည်များ ထိုလမ်းစဉ်။
မြင့်မြတ်မြန်မာ ဖြစ်မည်ပင်။ ။

မျိုးမြတ်မြတ်မြင့်မောင်

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



နေပြည်တော် ဇူလိုင် ၁၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် The Golden Octopus Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် WULING STARLIGHT S အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် SAIC MAXUS MIFA 9 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံး လုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

ငါးသယံဇာတများကိုးပွားလာစေရေးနှင့် ငါးမျိုးများ ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့ အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးဓရိယာအတွင်းရှိ တစ်ဖက်ပိတ်ဆည်၌ ကျင်းပသည်။



ငါးမျိုးစိုက်ထည့်ပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးမျိုးများ ဦးဆောင်စိုက်ထည့်ပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး အကောင်ရေ ၁၀၀၀၀ ကို တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့သည်။

ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စွမ်းအင်ဝန်ကြီးဌာန ပရဝဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများတက်ရောက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တောင်ညိုလမ်းဘေးရှိမင်္ဂလာကန်၌ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းများတက်ရောက်၍ မင်္ဂလာကန်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။

အလားတူ စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စွမ်းအင်ဝန်ကြီးဌာန ပရဝဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများတက်ရောက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက ငါးလုပ်ငန်းဦးစီးဌာနမှပံ့ပိုးပေးသော ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ ၃၀၀၀၀ ကို စိုက်ထည့်ပေးခဲ့သည်။

ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို အဆိုပါဝန်ကြီးဌာနရုံး အမှတ် (၁၁)နှင့် ရုံးအမှတ်(၄၀) ပရဝဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများက ငါးသားပေါက် ကောင်ရေ ၁၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။



အလားတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ မိုးရာသီငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာကန်၌ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ကော်မရှင်အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်၍ ငါးမြစ်ချင်းနှင့် ငါးခုံးမငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို မင်္ဂလာကန်တော်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ခဲ့ကြောင်း သိရသည်။

မြဝတီ

NSSA ၏ အသိအမှတ်ပြု ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MOEAA)မှတာဝန်ရှိသူများနှင့်အလုပ်ယမားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရာ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် MOEAA မှ နိုင်ငံအလိုက် ခေါင်းဆောင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံများသို့ မြန်မာလုပ်သားစေလွှတ်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ နိုင်ငံအလိုက်စေလွှတ်ရေးလုပ်ငန်းစဉ်(SOP)များနှင့်အညီ စိစစ်ခွင့်ပြုစေလွှတ်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းလုပ်သားရှားပါးမှု၊ နိုင်ငံတော်အတွက် လူစွမ်းအားအရင်းအမြစ်များဆုံးရှုံးမှုတို့ကို လျော့ချနိုင်ရေးအတွက် ပြည်ပမှ အလုပ်လုပ်ကိုင်ပြီး သက်တမ်းပြည့်၍ ပြန်လည်ရောက်ရှိလာသောအရေအတွက်နှင့် အသစ်စေလွှတ်ရမည့်လုပ်သားအရေအတွက်ကို နှိုင်းယှဉ်ကာ စေလွှတ်နေခြင်းဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် MOEAA မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နိုင်ငံအလိုက် ခေါင်းဆောင်များက ပြည်ပသို့အလုပ်ယမားစေလွှတ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် ဆွေးနွေးတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ Yun Nadi Oo Co., Ltd. ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းသို့သွားရောက်၍ သင်တန်းသားများအား စာတွေ့လက်တွေ့သင်ကြားပို့ချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် သင်္ဃန်းကျွန်းမြို့နယ် ဘဝမြင့်ရပ်ကွက်ရှိ နည်းပညာအထောက်အကူပြုရုံး(ရန်ကုန်)သို့ ရောက်ရှိပြီး နည်းပညာအထောက်အကူပြုရုံး(ရန်ကုန်)၊ ပြည်ပအလုပ်အကိုင်စာချုပ်ချုပ်ဆိုရေးအဖွဲ့ရုံးနှင့် လူမှုဖူလုံရေးဆေးခန်း (သင်္ဃန်းကျွန်း)တို့ ပူးတွဲဖွင့်လှစ်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကိုမှာကြားသည်။

ဆက်လက်၍ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်အေဂျင်စီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ပြည်တွင်းအေဂျင်စီများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

ဆရာဝန်(သစ်လွင်)နှင့် သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်

နေပြည်တော် ဇူလိုင် ၁၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့တွင် ဆရာဝန် (သစ်လွင်)နှင့် သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းအခမ်းအနား ဒုတိယပိုင်းသို့ တက်ရောက်သည်။



အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံဝန်ထမ်းများဖြစ်လာပြီဖြစ်သဖြင့် ရင့်ကျက်မှု၊ တည်ငြိမ်မှုရှိရန်၊ အရာရာကို ကျယ်ပြန့်သည့်အမြင်ဖြင့် ကြည့်ရှုဆင်ခြင်နိုင်ကြရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြရန်လိုကြောင်း၊ ဆေးပညာရှင်အနေဖြင့် သက်မွေးမှုဆိုင်ရာကျင့်ဝတ် (Professional Ethic)များ၊ ဆေးပညာရှင်များလိုက်နာရမည့်ကျင့်ဝတ် (Medical Ethic) များကို အလေးထားပြီး လိုက်နာဆောင်ရွက်ရမည့်အပြင် နိုင်ငံဝန်ထမ်းတစ်ဦးလိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်များကို သိရှိလိုက်နာစောင့်ထိန်းကြရန်ဖြစ်ကြောင်း၊ မိမိတို့၏ ကျွမ်းကျင်ရာပညာရပ်များကို ပြည်သူလူထုအတွက် အသုံးချနိုင်ရမည်ဖြစ်သကဲ့သို့ နိုင်ငံဝန်ထမ်းတစ်ဦးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ကျေးဇူးသစ္စာစောင့်သိရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးခင်နှင့် မြန်မာနိုင်ငံသွားနှင့်ခံတွင်းကောင်စီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာပိုင်စိုးတို့က ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆရာဝန်(သစ်လွင်)များ၊ သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များ လိုက်နာကြရမည့် ကျင့်ဝတ်စည်းကမ်းများကို ရှင်းလင်းပြောကြားကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ဆရာဝန်(သစ်လွင်)နှင့် သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းအခမ်းအနားတွင် ဆေးတက္ကသိုလ်များမှ သင်တန်းအောင်မြင်ပြီးဖြစ်သော ဆရာဝန်(သစ်လွင်) ၁၂၅၉ ဦးနှင့် သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်) ၂၁ ဦးတို့အား နိုင်ငံဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) ပြင်ဆင်ခင်းကျင်းပြသထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)ပြင်ဆင်ခင်းကျင်းပြသထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သို့ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့် မော်တော်ယာဉ်နှင့် မှတ်တမ်းဓာတ်ပုံများပြခန်း၊ ပန်းခြံ၊ ဗိုလ်ချုပ်အောင်ဆန်း၏ပုံတူ၊ ဗိုလ်ချုပ်၏ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေး လောကဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ နိုင်ငံခေါင်းဆောင်ဘဝ၊ မိသားစုဘဝမှတ်တမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ အသုံးပြခဲ့သည့် အသုံးအဆောင်ပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ နောက်ခံသမိုင်းအကျဉ်း၊ ဧည့်ခန်း၊ အိပ်ခန်း၊ ဘုရားခန်း၊ စာကြည့်တိုက်နှင့် အထူးအစည်းအဝေးခန်းများအတွင်း ခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်း အသုံးပြခဲ့သော အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ၊ ပန်းချီကားများ၊ ဓာတ်ပုံများနှင့် ပရိဘောဂပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်း ဖတ်ရှုလေ့လာခဲ့သည့်စာအုပ်များနှင့် ဗိုလ်ချုပ်၏သမိုင်းမှတ်တမ်းများအား ရေးသားထားသော ခေတ်အဆက်ဆက်တွင် ထုတ်ဝေခဲ့သည့် စာအုပ်များအား စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗိုလ်ချုပ်အောင်ဆန်း စီးနင်းခဲ့သည့်မော်တော်ယာဉ်အား ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အဦအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးမူကိုမထိခိုက်စေဘဲ ရှေးဟောင်းမူလလက်ရာများအတိုင်း ဖြစ်စေရန်အတွက် ယခင်မှတ်တမ်းဓာတ်ပုံများဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပြီး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြတိုက်အတွင်းရှိဓာတ်ပုံများအား နည်းပညာများအသုံးပြု၍ ထိန်းသိမ်းဆောင်ရွက်ပြီး ယခုထက် ပိုမိုကောင်းမွန်ကြည်လင်ပြတ်သားသည့်ပုံများဖြစ်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြတိုက်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် လမ်းဘေးဝဲယာရှိ သစ်ပင်များအား အောက်ခြေရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ အမှိုက်သရိုက်များမရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သည် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သောအိမ်ကို ပြတိုက်အဖြစ် ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း၊ ၁၉၂၁ ခုနှစ်တွင် တည်ဆောက်ခဲ့သောအဆောက်အဦဖြစ်ပြီး အနောက်တိုင်းဗိသုကာဟန်များ ရောနှောတည်ဆောက်ထားသော ဥရောပပုံစံအဆောက်အဦတစ်ခုဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် မိသားစုနှင့်အတူ ယခုအိမ်၌ ၁၉၄၅ ခုနှစ်၊ မေလမှ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ လုပ်ကြံခံရသည့်နေ့အထိ နေထိုင်ခဲ့ကြောင်း၊ ပြတိုက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်း၏ပုံတူကို ကြည့်ရှုစဉ်။

❐ ဗိုလ်ချုပ်အောင်ဆန်း စီးနင်းခဲ့သည့်မော်တော်ယာဉ်အား ရေရှည်တည်တံ့ကောင်းမွန်စေရေးကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများဆောင်ရွက် . . .

❐ အဆောက်အဦအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေးမူကိုမထိခိုက်စေဘဲ ရှေးဟောင်းမူလလက်ရာများအတိုင်းဖြစ်စေရန် ယခင်မှတ်တမ်းဓာတ်ပုံများဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပြီး စနစ်တကျထိန်းသိမ်းဆောင်ရွက် . . .



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့် WOLSELEY မော်တော်ယာဉ်အား ကြည့်ရှုစဉ်။

အတွင်း ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ကလေးများအိပ်ခန်း၊ အထူးအစည်းအဝေးခန်း၊ ဘုရားခန်း၊ ဗိုလ်ချုပ်အောင်ဆန်း အားလပ်ချိန်တွင်စိုက်ပျိုးသောစိုက်ခင်း၊ ဗိုလ်ချုပ်အောင်ဆန်း စီးနင်းအသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် WOLSELEY အမျိုးအစားမော်တော်ယာဉ်နှင့် ဓာတ်ပုံမှတ်တမ်းပြခန်းတို့အား ခင်းကျင်းပြသထားရှိပြီး အများပြည်သူများအနေဖြင့် တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ ကျန်နေ့ရက်များနှင့် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် အာဇာနည်နေ့တို့တွင် နေ့စဉ်နံနက် ၉ နာရီခွဲအချိန်မှ ညနေ ၄ နာရီခွဲအချိန်အထိ အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) အဆောက်အဦသို့ရောက်ရှိကြပြီး အဆောက်အဦအတွင်း ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်းအထောက်အထား စာရွက်စာတမ်းများနှင့် ဓာတ်ပုံများထိန်းသိမ်းထားရှိမှုနှင့် လွတ်တော်ခန်းမထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုရာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)အဆောက်အဦအတွင်း ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်းအထောက်အထားစာရွက်စာတမ်းများကို ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)ရှိ လွတ်တော်ခန်းမထိန်းသိမ်းထားရှိမှုကိုကြည့်ရှုစဉ်။

❐ အစည်းအဝေးခန်းမအတွင်း၌ ဗိုလ်ချုပ်နှင့်အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုနှင့် ဗိုလ်ချုပ်အောင်ဆန်းရုံးထိုင်သည့်နေရာအား မူလခင်းကျင်းထားရှိမှုအတိုင်း ခင်းကျင်းပြသသွားရန်လို . . .

❐ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး)အဆောက်အဦသည် တန်ဖိုးဖြတ်၍မရသည့် ရှေးဟောင်းသမိုင်းဝင်အဆောက်အဦဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက် . . .

တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သမိုင်းကြောင်းကိုဖော်ပြလျက်ရှိသည့်ဓာတ်ပုံများနှင့် စာရွက်စာတမ်းများအား ခေတ်မီနည်းပညာများအသုံးပြု၍ ကြည့်လင်ပြတ်သားမှုရှိအောင်ဆောင်ရွက်ပြီး ခင်းကျင်းပြသသွားရန်လိုကြောင်း၊ ဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများအား အညွှန်းဖော်ပြရာတွင်လည်း ရေးထုံးသတ်ပုံများ စနစ်ကျမှန်ကန်မှုရှိရန်နှင့် လွယ်ကူရှင်းလင်းစွာဖတ်ရှုနားလည်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးများရုံးအဆောက်အဦအတွင်း လှည့်လည်၍ ဗိုလ်ချုပ်ရုံးခန်းနှင့် အစည်းအဝေးခန်းမအတွင်း ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုအား ပြသထားရှိမှု၊ ဓာတ်ပုံပြခန်းအတွင်း သမိုင်းဝင်ဓာတ်ပုံများပြသထားရှိမှု၊ သမိုင်းဝင်အထောက်အထားများ ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုနှင့် အဆောက်အဦထိန်းသိမ်းထားရှိမှုတို့အား ကြည့်ရှုစဉ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အစည်းအဝေးခန်းမအတွင်း၌ ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များလုပ်ကြံခံရမှုနှင့် ဗိုလ်ချုပ်အောင်ဆန်း ရုံးထိုင်သည့် နေရာအား မူလခင်းကျင်းထားရှိမှုအတိုင်း ခင်းကျင်းပြသသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထားဓာတ်ပုံများအား ပုံစာအညွှန်းတပ်၍ ဖော်ပြသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထားဓာတ်ပုံများအား ထပ်မံပြုစု၍ ခင်းကျင်းပြသသွားရန်လိုကြောင်း၊ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး)အဆောက်အဦသည် တန်ဖိုးဖြတ်၍မရသည့် ရှေးဟောင်းသမိုင်းဝင် အဆောက်အဦဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အဦ၏ အချို့နေရာများ၌ နိမ့်ကျနေမှုအား ပြန်လည်မြှင့်တင်ထိန်းသိမ်းနိုင်ရေးပညာရှင်များဖြင့် စနစ်တကျသုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

SAC Chairman Prime Minister Senior General Min Aung Hlaing inspects preparations and displays at Bogyoke Aung San Museum (Yangon), Ministers' Office (Secretariat)





Senior General Min Aung Hlaing inspects the Hluttaw Hall of the Secretariat in Yangon.

NAY PYI TAW July 18

Chairman of the State Administration Council, Prime Minister Senior General Min Aung Hlaing, accompanied by the Council Joint Secretary, SAC members, Union ministers and the Chief Minister of Yangon Region, inspected display of objects at the Bogyoke Aung San Museum in Bahan Township and the Ministers' Office (the Secretariat) in Botahtaung Township of Yangon Region this morning.

At the Bogyoke Aung San Museum in Bahan Township, the Senior General interestingly viewed round the vehicle ridden by the General Aung San, the documentary photos, the park, the portrait of General Aung San, documentaries and photos on the early life of General Aung San, university student, politician, Tatmadaw leader, State leader and his family life, his utensils, the brief history of the museum, the parlour, bedroom, prayer room, library, clothes and equipment, paintings, photos and furniture used by General Aung San displayed at special meeting rooms, his books, and the books on documentaries of the General published in successive eras. Officials conducted the Senior General round the museum.

After hearing the reports, the Senior General stressed the need to maintain the vehicle ridden by General Aung San with the help of technicians for long-term existence. Maintenance of the building must be systematic, aligned with the documentary photos not to lose the original state. The Senior General gave guidance to officials to maintain photos displayed at the museum with the use of technology to be better works. Moreover, he urged all to carry out beautiful landscape along both sides of the road and vicinity of the museum.

The residence of Myanmar's architecture of Independence General Aung San was transformed into the Bogyoke Aung San Museum (Yangon). It was built in 1921 with western architectural works. General Aung San and his family lived there from May 1945 to the date of assassination in July 1947. Inside the exhibition hall, displays include the

See Page - 19 ■■




Senior General Min Aung Hlaing views a painting of General Aung San.



Senior General Min Aung Hlaing hears a report on the life of General Aung San.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects resumption of operations at Jaungwyne Dockyard



Senior General Min Aung Hlaing inspects Jaungwyne Dockyard.

NAY PYI TAW July 18

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by members of his entourage, the chief minister of Yangon Region, the commander of Yangon Command and Mayor U Bo Htay and officials, inspected the resumption of operations of Jaungwyne Dockyard in Jaungwyne Village in Kyimyindine Township, Yangon Region this afternoon.

First, the Senior General and party arrived at the dockyard and heard reports on salient points of the dockyard, operations and brief history of the dockyard submitted by an official. The Senior General gave necessary instructions.

Then, the Senior General and party inspected the dockyard and gave necessary instructions on better operations of the dockyard, continued operations of the dockyard by carrying out maintenance of the dockyard to catch up with the times and installing more machines and tools and systematic tasks for cleanliness.

The dockyard was built in 1981-1982 and was upgraded into a drydock in 1986. From 1995 to 1999, a total of 49 ships were repaired at the dockyard. Then, its operations came to a halt for a period of time. At present, its operations have resumed under the instructions of the Senior General to prevent further damage to the dockyard due to a long period of halting its operations. **100**

■■ From Page - 18

living room, dining room, bedroom, reading room, children's bedroom, special meeting room, prayer room, the garden cultivated by General Aung San during his leisure time, a Wolseley brand car manufactured in England used by General Aung San, and a photo documentary room. The public can visit and explore free of charge every day from 9:30 am to 4:30 pm, except on Mondays and public holidays, including Martyrs' Day on 19 July.

On arrival at the Ministers' Office (the Secretariat) in Botahtaung Township, the Senior General viewed round history documents and photos displayed in the building and maintenance of the Hluttaw hall. Officials conducted the Senior General round the building.

In his guidance, the Senior General said that it is necessary to enhance the clarity of the historical photographs and documents on display by using modern technology, and to present them in a well-organized exhibition. Moreover, he added that when labelling the photographs and utensils, it is important to ensure accuracy, consistency in writing formats, and clarity so that visitors can easily read and understand the information, and gave necessary guidance.

In visiting the building of the Ministers' Office, the Senior General inspected the assassinated scene of the General and martyrs displayed at the office of the General and the meeting hall, display of historical photos in the photo gallary, historical documentaries and maintenance of the building.

In response to the reports of officials, the Senior General underscored that it is necessary to exhibit the meeting room where General Aung San and the Martyrs were assassinated, along with General Aung San's office, in their original layout. Historical photographs should be displayed with proper captions, and additional historical photos should be curated and exhibited. The Ministers' Office (the Secretariat) building, being an invaluable historic landmark, must be maintained in its original form for long-term sustainability. Parts of the building that have deteriorated should be systematically restored by experts through research works to ensure proper maintenance and structural integrity. **100**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Local nationalities support and welcome Tatmadaw for controlling Nawnghkio completely, will join hands with Tatmadaw in security and rehabilitation tasks

NAY PYI TAW July 18

To ensure peace and tranquility for the people, the Tatmadaw is launching counterterrorism operations military command wise. In doing so, the Tatmadaw completely controlled the areas around Taunghkam and Nawnghkio town, which were briefly occupied by terrorist insurgents, on 16 July, and the nationalities, who are residents of Nawnghkio, are celebrating in support of the Tatmadaw's victory. Some of them who left their homes temporarily are returning back to their native land.

While the areas in and around Nawnghkio Township were under the brief control of the terrorist insurgents, local nationalities had to leave behind their homes and belongings, facing the evil consequences of war, which included human rights violations, and a drop in economic, social, health and education sectors. As the Tatmadaw had entirely controlled the areas in and around Nawnghkio, locals' ardent support for and trust in Tatmadaw grew rapidly and they joined hands with the Tatmadaw.

As a means to help temporary displaced persons to repair their homes and reside again in them, and pursue a peaceful and happy socio-economic life, Tatmadaw columns are now following up on the task of restoring the government machinery after clearing land minds that were mercilessly planted by terrorist insurgents while they were briefly occupying the area and conducting security patrols to repair office, residential, religious, educational and health structures.



A meeting to restore government machinery in progress.



Local people welcome Tatmadawmen and departmental personnel.



Aids donated by Shan State and Mandalay Region governments, well-wishers and Ministry of Social Welfare, Relief and Resettlement arrive in Nawnghkio.

Additionally, today, a team of 118 departmental officials led by District Administrator U Kyaw Swe Win arrived in Nawnghkio town with necessary aid supplies, food items, and vehicles. Their purpose is to provide essential assistance to local residents, reopen government offices as part of the administrative mechanism, resume schooling for children, and reopen hospitals to ensure public healthcare services.

The vehicles also carried food and household items donated by the Shan State Government, the Mandalay Region Government, and charitable citizens for internally displaced persons (IDPs) in the Taungkham area and Nawnghkio Township. Additionally, food and essential supplies provided by the Ministry of Social Welfare, Relief, and Resettlement were included in the shipment.

Local ethnic residents have expressed their eagerness to return home, having personally suffered the devastating effects of conflict. They voiced their strong desire for peace, wishing for their children to receive education peacefully, just like children in other stable regions. They also pledged to collaborate with the Tatmadaw in rebuilding Nawnghkio, which has suffered extensive damage due to terrorist acts. Furthermore, they shared that other civilians similarly hope the Tatmadaw will retake areas temporarily controlled by terrorists, restoring normalcy in social, economic, health, and educational aspects of life for local communities.

Currently, local residents, no longer able to tolerate the terrorists' indiscriminate threats, arbitrary arrests, killings, torture, extortion, and destruction of peaceful villages, have increasingly placed their trust in the Tatmadaw. They are actively offering moral support, while the Tatmadaw continues to intensify necessary security operations to ensure public safety. **100**

►► From Page - 21

produce qualified health professionals, 53 universities and schools, including relevant universities, the University of Public Health, the University of Traditional Medicine, as well as nursing and midwifery training schools, have been established. The curricula have been revised and updated according to needs, and education is being conducted accordingly.

Furthermore, to train more medical professionals during the tenure of the State Administration Council, the Medical Faculty was established at Naypyitaw State Academy in 2023. Since then, training has been conducted annually, and currently, 100 medical students are enrolled and studying there.

I am especially pleased and proud that after successfully completing their internship, young professionals like you will join the Ministry of Health to actively contribute to public healthcare. The health sector must continue producing skilled human resources, and you along with other new recruits represent the next generation of strength in this field. We must continue developing not only in quantity but also in quality, ensuring well-rounded medical professionals and healthcare workers who excel in all aspects. I urge you all to strive for excellence in your training and service.

Since you have studied medical sciences in major cities such as Yangon, Mandalay, Magway, and Taunggyi, you have gained significant developmental experience. I encourage you to share and apply these valuable experiences in the towns and regions where you will be assigned.

The State Administration Council upholds the principle that "nothing is more important than human life" and is striving to ensure that every citizen has access to quality healthcare with minimal financial burden. As newly appointed officers of the Ministry of Health, I hope you will serve with dedication in your assigned hospitals, providing the best possible care to the people and becoming exemplary health professionals who contribute to the nation.

Following this, the Senior General presented the civil service appointment letters to representatives from four medical universities. Representatives from each university received the letters in turn.

Subsequently, the Joint Secretary of the Council presented appointment letters to representatives from two medical universities and the University of Dental Medicine. Representatives from each institution accepted the letters accordingly.

Afterward, the Senior General, and attendees watched a video documentary showcasing the activities and achievements of the Ministry of Health.

Then, students from the University of Nursing (Yangon) performed a song and dance performance titled "United Forever, Myanmar", while students from medical and relevant medical universities presented a musical performance titled "Unity Leads to Success."

Following the performances, the Senior General honoured the participating students and staff with honourary fruit baskets and cash awards.

Finally, the Senior General warmly greeted the attendees before concluding the ceremony.

100

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address at ceremony to appoint new doctors and dentists as gazette officers of the Ministry of Health and present letters of appointment



Senior General Min Aung Hlaing delivers an address at ceremony to appoint new doctors and dentists as gazette officers of the Ministry of Health and present letters of appointment.

NAY PYI TAW July 18

A ceremony to appoint new doctors and dentists as gazette officers of the Ministry of Health and present letters of appointment took place at Myanmar Convention Center in Yangon this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Joint Secretary General Ye Win Oo, SAC members General Nyo Saw, Mahn Nyeing Maung, and Dr Hmu Htan, union ministers, the Yangon Region chief minister, senior military officers from the Office of the Commander-in-Chief, the Yangon Command commander, the Myanmar Medical Council chair, the Myanmar Dental Council chair, rectors of medicaluniversities under the Health Ministry, departmental officials, and invited persons.

On arrival at the venue, Senior General Min Aung Hlaing was welcomed by Union Minister for Health Dr Thet Khaing Win and health staff.

Female students of University of Medicine 1 (Yangon) performed the song "Mingalabar", and the ceremony commenced.

In his address, the Senior General said **the State is constantly providing support for the enhancement of the health standard of the nationalities. All must understand that people can work and learn only if they are healthy.** Healthy lifestyle and health knowledge are the main requirements for healthiness. Because of the determinants of health, people may face health problems more or less. Health personnel play a pivotal role in solving such problems. **On behalf of the State, the Senior General expressed pleasure for assigning the new doctors and dentists with duty to ensure public health and longevity. He said it is also an auspicious day.** COVID-19 pandemic had a huge impact on the lives of the peoples and health system of global countries, and it left behind adverse social and economic effects. Under the leadership of the State, retired and in-service health professionals of the Ministry of Health and the Ministry of Defence and local volunteers joined forces to counter and control the disease.

Every time a disaster hits Myanmar, health staff conduct public healthcare services with great care. During the natural disaster caused by cyclone Mocha in 2023 and flash floods triggered by downpours of typhoon Yagi in 2024, health staff could provide healthcare and medical treatment services in time. Health staff also fell victim to the powerful Mandalay earthquake that jolted on 28 March this year, but they were able to carry out healthcare undertakings day and night. Health staff joined hands with local and foreign medical teams, set up emergency treatment teams, specialists' units, and emergency response squads and made field tours down to the rural areas to provide healthcare services for earthquake victims with brilliant efforts. They are truly honourable.

The second point of the social objectives of the State Administration Council says, **"To elevate the health and sports sectors inclusive of all the people, improving the longevity and health of the nation"** is the main duty of the Ministry of Health. In this regard, the ministry is implementing the objective with the cooperation of medical corps of the Ministry of Defence, related departments, health organizations and social organizations and public involvement.

As part of public health efforts, the government is formulating and implementing policies and action plans aimed at effectively preventing the spread of diseases and ensuring the provision of quality medical care during outbreaks, in line with the country's available resources. The government is prioritizing the renovation and construction of public hospitals, as well as the provision of advanced diagnostic and treatment services, essential medicines, and modern medical equipment, to ensure that citizens can access healthcare in a safe, comfortable, and reassuring environment. **Public hospitals are preparing to provide round-the-clock emergency care and are working to minimize operational costs to offer medical services to patients at the lowest possible expense.** The Ministry of Health is upholding the principle that **"every hospital must have a doctor."** He stated that he would like to express his joy and encourage all newly appointed doctors as they begin their duties at their respective hospital assignments.



Senior General Min Aung Hlaing presents a letter of appointment to a gazette officer of the Ministry of Health.

Everyone aspires to live a long and healthy life, and a country's longevity is typically measured by its life expectancy. According to the 2024 Population and Housing Census, Myanmar's life expectancy is 69 years—ranking 9th among ASEAN countries and 5th among its neighboring countries. It is important to assess the underlying weaknesses contributing to this figure. He urged healthcare personnel to focus on key health-related issues—such as nutrition, living conditions, vaccination coverage, and mortality rates—in the areas where they are assigned.

To improve the health standards of the public and increase life expectancy, it is crucial to enhance basic healthcare services by adequately training and deploying sufficient human resources in the health sector. Accordingly, to

See Page - 20►►

တပ်မတော်က နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်ရရှိခဲ့မှုအပေါ် နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက အားပေးထောက်ခံကြိုဆို၊ ဒေသလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်



နောင်ချိုမြို့သို့ ဌာနဆိုင်ရာများ ပြန်လည် ဝင်ရောက် လာမှုကို တွေ့ရစဉ်။



သံဃာတော်များအား တပ်မတော်သားများက ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



တပ်မတော်သားများက ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တပ်မတော်သားများအား ဒေသခံပြည်သူများက ဝမ်းပန်းတသာကြိုဆိုကြစဉ်။

နေပြည်တော် ဇူလိုင် ၁၈

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၁၆ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာစွာအားပေးထောက်ခံကြိုဆိုလျက်ရှိကြပြီး အချို့မှာ ယာယီနေရပ်စွန့်ခွာနေရာမှ ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း သိရှိရသည်။

နောင်ချိုမြို့နယ်တစ်ဝိုက်အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အိုးအိမ်တိုက်တာစည်းစိမ်များကို စွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အဘက်ဘက်မှနိမ့်ကျမှုများ၊ စစ်၏အနှိဉ်ခံရမှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး တပ်မတော်က နောင်ချိုဒေသတစ်ဝိုက်အား အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သောကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယခုကဲ့သို့ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် နောင်ချိုမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ ၎င်းတို့၏ မြို့/ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေး၊ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ **စာမျက်နှာ ၂၃ သို့ ⇨**



အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်ရေး ညှိနှိုင်းအစည်းအဝေး ပြုလုပ်စဉ်။



တပ်မတော်သားများက ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




တပ်မတော်သားများက ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။

မြို့သို့ရောက်ရှိလာကြောင်း သိရှိရသည်။ အဆိုပါ မော်တော်ယာဉ်များနှင့်အတူ တောင်ခမ်းဒေသနှင့် နောင်ချိုမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများမှပေးပို့လှူဒါန်းသည့်စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သည့် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ တစ်ပါတည်း ပါရှိကြောင်း သိရှိရသည်။

ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ အိမ်ပြန်ချိန်ကို အစဉ်စောင့်မျှော်နေခဲ့ရကြောင်း၊ စစ်၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာလိုလားကြောင်း၊ မိမိတို့၏ သားသမီးများကိုလည်း အခြားကျန်းသူများ ယာယီထိန်းချုပ်ထားသည့် အခြားမြို့များကိုလည်း တပ်မတော်ကပြန်လည်ထိန်းချုပ်ရယူစေလိုသည့် ဆန္ဒများမှာ အခြားပြည်သူများထံတွင်လည်းရှိနေကြောင်း၊ ထို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် အခြားဒေသများကိုလည်း တပ်မတော်ကပြန်လည်ရယူ၍ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် လူမှုစီးပွားဘဝများအား ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုကြောင်း ဝမ်းပန်းတသာရင်ဖွင့်ပြောကြားခဲ့ကြောင်း သိရှိရသည်။

လက်ရှိတွင် အကြမ်းဖက်အဖွဲ့များ၏ ပြည်သူလူထုအပေါ် အကြောင်းမဲ့ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်အနိုင်ကျင့်မှု၊ ဆက်ကြေးကောက်ခံမှု၊ အေးချမ်းသာယာနေသည့် မြို့ရွာများကိုဖျက်ဆီးမှု စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့သည့် ဒေသခံပြည်သူများသည် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ပြုလုပ်လာကြပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရန်အတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)





တပ်မတော်သားများက ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။





တပ်မတော်သားများက နောင်ချိုမြို့အတွင်း မိုင်းရှင်းလင်းရေးဆောင်ရွက်ပေးစဉ်။

➪ **စာမျက်နှာ ၂၂ မှအဆက်**

ယာယီထိန်းချုပ်ထားစဉ် ဖျက်ဆီးသွားခဲ့သည့်ရုံး/ဌာန အဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရေးအတွက် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့/ရွာများအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယနေ့တွင်လည်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း ဦးဆောင်သည့် ဌာနဆိုင်ရာအဖွဲ့ဝင် ၁၁၈ ဦးတို့သည် ဒေသခံပြည်သူလူထုအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့်ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး လိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အတူ မော်တော်ယာဉ်များဖြင့် နောင်ချိုငြိမ်းချမ်းသော အရပ်ဒေသများမှ ကလေးများကဲ့သို့ပင် အေးချမ်းစွာပညာသင်ယူစေချင်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် နောင်ချိုမြို့အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပါက တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ နောင်ချိုမြို့သူမြို့သားများကဲ့သို့ပင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် အခြားမြို့များကိုလည်း တပ်မတော်ကပြန်လည်ထိန်းချုပ်ရယူစေလိုသည့် ဆန္ဒများမှာ အခြားပြည်သူများထံတွင်လည်းရှိနေကြောင်း၊ ထို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် အခြားဒေသများကိုလည်း တပ်မတော်ကပြန်လည်ရယူ၍ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် လူမှုစီးပွားဘဝများအား ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုကြောင်း ဝမ်းပန်းတသာရင်ဖွင့်ပြောကြားခဲ့ကြောင်း သိရှိရသည်။

လက်ရှိတွင် အကြမ်းဖက်အဖွဲ့များ၏ ပြည်သူလူထုအပေါ် အကြောင်းမဲ့ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်အနိုင်ကျင့်မှု၊ ဆက်ကြေးကောက်ခံမှု၊ အေးချမ်းသာယာနေသည့် မြို့ရွာများကိုဖျက်ဆီးမှု စသည့်အကြမ်းဖက်လုပ်ရပ်

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တပ်ကုန်းတပ်နယ်အသင်းက ဒိုင်းဆုရရှိ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ဒိုင်းဆုရရှိသည့် တပ်ကုန်း တပ်နယ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော်တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိ အားကစားခန်းမ၌ ယနေ့ညနေပိုင်းတွင် ပြုလုပ်သည့် ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲတွင် တပ်ကုန်း တပ်နယ်အသင်းက ဒိုင်းဆုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် တပ်ကုန်းတပ်နယ်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၈ သင်းဖြင့် ဇူလိုင်လ ၁၁ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

ကွန်ဟိန်းမြို့နယ်၊ ကုန်းပေါင်းကျေးရွာရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၊ ကုန်းပေါင်းကျေးရွာရှိ ဒေသခံပြည်သူများအား ဇူလိုင်လ ၁၇ ရက် နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူ ၂၀၂ ဦးတို့ကို အသည်းရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နား/နာခေါင်း/လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် ဒေသခံပြည်သူများအား ခိုလှမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။


မှတ်သားဖွယ်ရာ မိုးရေချိန်များ


၁၈-၇-၂၀၂၅


ထားဝယ်	၄	ဒသမ	၂၆	လက်မ
ဖျာပုံ	၃	ဒသမ	၇၈	လက်မ
ကွမ်းခြံကုန်း	၂	ဒသမ	၈၇	လက်မ
တောင်ငူ(လေကြောင်းမိုးလေဝသ)	၂	ဒသမ	၈၃	လက်မ
ဝက်ထီးကန်(လေးထပ်ပြင်)	၂	ဒသမ	၈၀	လက်မ

အထူးမိုးလေဝသ သတင်း

ဇူလိုင်လ ၂၁ ရက်မှ ၂၆ ရက်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်







နေပြည်တော် ဇူလိုင် ၁၈

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင် အရှေ့ပိုင်းတွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “ဝီဖာ” (WIPHA) သည် အနောက်မြောက်ဘက်သို့ဆက်လက်ရွေ့လျားနိုင်ပြီး တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းမှတစ်ဆင့် ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏အကြွင်းအကျန် တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ရောက်ရှိလာနိုင်ခြင်းကြောင့် လည်းကောင်း၊ ဇူလိုင်လ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေဆက်လက်အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင်လ ၂၁ ရက်မှ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြိုးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈၆၊)

Innovation and Advancement of Science and Technology

အဆုတ်ရောဂါကိုရှာဖွေဖော်ထုတ်ပေးနိုင်သည့်အပြင် စောင့်ကြည့်နိုင်သည့် ရောဂါဖော်ထုတ်စောင့်ကြည့်ရေးကိရိယာကို ရုရှားသိပ္ပံပညာရှင်များထုတ်လုပ်

မောင်ယုယ စုစည်းသည်။

ရုရှားသိပ္ပံပညာရှင်များသည် AI နည်းပညာကိုအသုံးပြု၍ လူသားများတွင် အဆုတ်ရောဂါဖြစ်ပွားမှု ရှိ၊ မရှိကို ရှာဖွေဖော်ထုတ်နိုင်ပြီး စောင့်ကြည့်ပေးနိုင်သည့် ကိရိယာတစ်မျိုးကို ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါကိရိယာသည် လူနာ၏ အသက်ရှူမှုဆိုင်ရာ အချက်အလက်များကို အကဲဖြတ်စိစစ်ခြင်းအားဖြင့် အသက်ရှူကျပ်မှုနှင့် ပန်းနာရင်ကျပ်ရောဂါကဲ့သို့သော အဆုတ်နှင့်သက်ဆိုင်သည့် ပုံမှန်မဟုတ်သော အခြေအနေများကို အစောပိုင်းအဆင့်မှာပင် ရှာဖွေဖော်ထုတ်ပေးနိုင်သည်။ ထို့ပြင် လူနာ၏ အဆုတ်ရောဂါအခြေအနေသည် ပိုမိုဆိုးရွားလာနိုင်မှု ရှိ၊ မရှိဟူသော အချက်ကိုလည်း ခန့်မှန်းပေးနိုင်သည်။


ရုရှားသိပ္ပံပညာရှင်များသည် ၂၀၁၄ ခုနှစ်က ချမှတ်ဖော်ဆောင်ခဲ့သည့် ရုရှားအစိုးရ၏ အမျိုးသားနည်းပညာဆိုင်ရာ ကနဦးဆောင်ရွက်မှုအစီအစဉ်၏ ထောက်ပံ့ပေးမှုဖြင့် အဆိုပါကိရိယာအား ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆရာဝန်များအနေဖြင့် ယခုထုတ်လုပ်လိုက်သည့် ရောဂါဖော်ထုတ်စောင့်ကြည့်ရေးကိရိယာကို အသုံးပြုခြင်းအားဖြင့် အခြားစမ်းသပ်မှုများ လုပ်ဆောင်ရန်မလိုအပ်ဘဲ တိကျသည့်ရောဂါရှာဖွေစစ်ဆေးမှုများကို လုပ်ဆောင်နိုင်ပြီး လူနာများအနေဖြင့်လည်း ၎င်းတို့၏ရောဂါအခြေအနေကို ၎င်းတို့၏နေအိမ်များ၌ပင် သက်သောင့်သက်သာစွာ အသုံးပြုစောင့်ကြည့်နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ဆာဂျီဒါဗီဒ့ခ်ျက ပြောကြားသည်။

ထို့ပြင် သိပ္ပံပညာရှင်များသည် ၎င်းတို့



တီထွင်ထုတ်လုပ်ထားသည့် ရောဂါဖော်ထုတ်စောင့်ကြည့်ရေး ကိရိယာကို Sechenov တက္ကသိုလ်တွင် ကုခန်းစမ်းသပ်မှုများလုပ်ဆောင်၍ တရားဝင်မှတ်ပုံတင်ပြီး ပါက အဆိုပါကိရိယာများကို အများအပြားထုတ်လုပ်ရန်စီစဉ်ထားသည်။ **Ref: Iv**



ကိုယ်ပိုင်အာကာသယာဉ်တစ်စင်းကို အိန္ဒိယတည်ဆောက်မည်

အိန္ဒိယနိုင်ငံအနေဖြင့် ကိုယ်ပိုင်အာကာသယာဉ်တစ်စင်းကို တည်ဆောက်သွားမည်ဖြစ်ကြောင်း အိန္ဒိယသိပ္ပံနှင့်နည်းပညာဝန်ကြီး ဂျီတန်ဒရာဆင်းက ပြောကြားသည်။

အနာဂတ်ကာလတွင်ပြုလုပ်မည့် အာကာသမစ်ရှင်များ၌ အိန္ဒိယနိုင်ငံက ထုတ်လုပ်ထားသည့် အာကာသယာဉ်ကိုအသုံးပြုမည်ဖြစ်ပြီး အိန္ဒိယအာကာသယာဉ်မှူးများအနေဖြင့်လည်း ပထမဆုံးအကြိမ်အဖြစ် ပြည်တွင်းဖြစ်အာကာသယာဉ်ကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဂျီတန်ဒရာဆင်းက ဇူလိုင်လ ၁၇ရက်တွင် ပြောကြားခြင်းဖြစ်သည်။

